မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်၊ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာ ၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၁)၊ အမှတ်(၃၃၅)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗီယက်နမ်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၂

၂၀၀၄ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၅၉)နှစ်မြောက် အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာထရန်ဒွတ်လွန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗီယက်နမ်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၂

၂၀၀၄ ခုနှစ် စက်တင်ဘာ ၂ ရက်တွင်ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၅၉)နှစ်မြောက် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မဒမ်ထရူမီဟွားထံသို့ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေနှင့် မန္တလေးမြို့သို့ ချစ်ကြည်ရေးခရီးဆက်လက်လည်ပတ်ရန်သွားရောက်မည့် ဧည့်သည်တော်ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatra နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည် မြင့်မားရေး

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်နှင့်ဇနီးအား ပို့ဆောင်နှုတ်ဆက်

ရန်ကုန် စက်တင်ဘာ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေပြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေနှင့် မန္တလေးမြို့သို့ ချစ်ကြည်ရေးခရီးဆက်လက်လည်ပတ်ရန် သွားရောက်မည့် ဧည့်သည်တော်ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Chaisit Shinawatra နှင့် ဇနီး Madame Veena Shinawatra ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၄ ✱

မြန်မာ့အလင်း ခေါင်းကြီး၊သတင်း၊ဆောင်းပါးအညွှန်း

"အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ပြည်သူများအကြား ထွန်းကားပြန့်ပွားနေရန်လိုအပ်" ခေါင်းကြီး(စာ-၂)

"မြတ်ဗုဒ္ဓသည် သူတော်ကောင်းအကျင့်တို့ကို လမ်းညွှန်ပြသတော်မူခဲ့သည်။ သူတော်ကောင်းတို့မည်သည် ကောင်းမှုကိုလိုလားပြုကျင့်ကြ၏"
မောင်ပိုင်၏ "ဗုဒ္ဓမြတ်စွာသာသနာ" ဆောင်းပါး(စာ-၁၀)

"အဆီဓာတ်က ကစီဓာတ်ထက် အင်အားပိုများတယ်၊ အဆီဓာတ်ကို လိုတာထက် ပိုစားရင် အဝလွန်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ လေးဖက်နာရောဂါတို့ ဖြစ်လာနိုင်တယ်"
ယုဝတီခင်ဦး၏ "ကာယ၊ဉာဏနှင့်အာဟာရ" ဆောင်းပါး(စာ-၁၀)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်)

နိုင်ငံဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများဖြစ်ထွန်းရေး ကျေးလက်နှင့်မြို့နယ်များတွင် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများအားလုံး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပိုမိုထွန်းကားပြန့်ပွားစေပြီးကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး ငါးရပ်အပါအဝင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအမျိုးမျိုးတို့ကို အကွက်ချ စီမံလုပ်ဆောင်လျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဩဂုတ်လ ၂၉ ရက်က ပဲခူးတိုင်း ရေတာရှည်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မှာကြားရာတွင်–

“ပြည်သူများအကြား အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ထွန်းကားပြန့်ပွားပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးအကျိုးစီးပွားကို တညီတညွတ်တည်းလက်တွဲဖော်ဆောင်ကြမှသာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ပြီး ပြည်ထောင်စုကြီးလည်း အခွန့်ရှည် တည်တံ့ခိုင်မြဲမှာဖြစ်ကြောင်း”

ပြောကြားခဲ့သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရာတွင် နိုင်ငံတော်က ချမှတ်ထားသော အခြေခံလိုအပ်ချက်များ ဖြစ်ထွန်းစေရန် နိုင်ငံတော်နှင့်လက်တွဲ၍ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တိုင်းရင်း သားပြည်သူများက အမျိုးသားရေးစိတ်ဓာတ် အပြည့်အဝဖြင့်တက်ညီလက်ညီပူးပေါင်းပါဝင်ကြိုးပမ်းကြရန် ဖြစ်သည်။

နိုင်ငံအတွင်း နယ်မြေဒေသအားလုံး တည်ငြိမ်အေးချမ်းမှု ဖြစ်ထွန်းနေပြီး ဖြစ်၍ မိမိတို့ဒေသများတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးလက်ဒေသများအထိ ကွင်းဆင်းပြီး ပြည်သူများ၏ ပူးပေါင်းပါဝင်မှု အပြည့်အဝရရှိစေရန် ပံ့ပိုးဖွယ်ရာများ ပံ့ပိုးဖြည့်ဆည်းပေးပြီး စည်းရုံးဆောင်ရွက်ကြရန် ဖြစ်သည်။

ထို့အပြင် ကျေးလက်ဒေသများမှ အစပြုပြီး မြို့နယ်အဆင့်အထိ စီးပွားရေးအခြေခံကောင်းများ ဖြစ်ထွန်းစေရန် တာဝန်ရှိသူများက စနစ်တကျစီမံခန့်ခွဲပြီး လိုအပ်သည်များကို ကူညီပံ့ပိုးပေးရန် ဖြစ်သည်။ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ အပြန်အလှန် အကျိုးပြု၍ ဒေသကုန်ထုတ်လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းစေရန်၊ ဒေသစီးပွားရေးတောင့်တင်းခိုင်မာပြီး ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားတိုးတက်စေရန် တက်ညီလက်ညီ ကြိုးပမ်းကြရန် ဖြစ်သည်။

ထိုသို့ နိုင်ငံနှင့်လူမျိုး၏ အမျိုးသားရေးအကျိုးစီးပွားကို တညီတညွတ်တည်း လက်တွဲဖော်ဆောင် နိုင်စေရန်အတွက် အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ပြည်သူများ အကြား ထွန်းကားပြန့်ပွားနေရန် လိုအပ်ပေသည်။ ထို့ကြောင့် တာဝန်ရှိသူများက ပြည်သူများနှင့်အမြဲတမ်း ထိတွေ့၍ စည်းရုံးမှုပေးကြရန် ဖြစ်သည်။

မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မိမိတို့မြို့နယ်အတွင်းရှိသည့် စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများနှင့်လက်တွဲ၍ ယင်းအဖွဲ့အစည်းများ၏ ထက်မြက်သည့်စွမ်းအားကို ထိရောက် အကျိုးရှိစွာအသုံးချပြီး ကျေးလက်ဒေသမှအစပြုကာ မိမိတို့မြို့နယ်တစ်ခုလုံး၊ထိုမှတစ်ဆင့် ပြည်ထောင်စုကြီး တစ်ရပ်လုံး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်သည်။

ယင်းကဲ့သို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၏ မှန်ကန်သော ကြိုးပမ်းဆောင်ရွက်မှု၊ စေတနာပါသော ပံ့ပိုးကူညီမှုများကို ဒေသခံပြည်သူများ သိမြင်ခံစားရသည်နှင့်အမျှ ပြည်သူများအားလုံး၏ နိုင်ငံတော်အပေါ် ယုံကြည်အားကိုးမှု၊ ပူးပေါင်းပါဝင်မှုတို့ ဖြစ်ထွန်းလာပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပိုမို အောင်မြင်ဖြစ်ထွန်းလာမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် အခြေခံကောင်းများ ကျေးလက် ဒေသနှင့်မြို့နယ်များတွင် ခိုင်ခိုင်မာမာဖြစ်ထွန်းလာစေရန် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများနှင့် တိုင်းရင်းသားပြည်သူများအားလုံး လက်တွဲပူးပေါင်းပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း မော်လမြိုင်ဘူတာရုံသစ်ကြီး တည်ဆောက်မည့်မြေနေရာနှင့် ပစ္စည်းစုဆောင်းထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

ရထားလမ်းပိုင်းများ ဝန်ကြီးဗိုလ်ချုပ်အောင်မင်းကြည့်ရှုစစ်ဆေး အချိန်မှန်ပြေးဆွဲရေးနှင့် ရထားလမ်းများကြံ့ခိုင်မှုရှိရေးမှာကြား

ရန်ကုန် စက်တင်ဘာ ၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီးဦးဖေသန်းလိုက်ပါ၍ ဩဂုတ်၂၉ရက် နံနက်ပိုင်းက ပဲခူး ဘူတာသို့ ရောက်ရှိပြီး DRC(101) အထူးရထားယဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့သည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဝေါတံတားတစ်လျှောက် ကြည့်ရှုစစ် ဆေးပြီး တံတားအတွင်း ခင်းပျဉ်များ အသစ်လဲလှယ်ရေး၊ တံတားကြံ့ခိုင်မှု မပြတ်စစ်ဆေးထိန်းသိမ်းရေး၊ ရေကင်းချထားရေးတို့ မှာကြားပြီး ဆက်လက် ထွက်ခွာရာ စစ်တောင်းတံတားသို့ ရောက်ရှိသည်။ စစ်တောင်းတံတားတွင် မြန်မာ့မီးရထားမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ ရထားများ အချိန်မှန်ပြေးဆွဲ ရေး၊ ရထားလမ်းတစ်လျှောက်နှင့် လမ်းဘေးဝဲယာ သန့်ရှင်းမှုရှိစေရေး၊ ရထားလမ်းနှင့် တံတားများကြံ့ခိုင်မှုကို နယ်မြေအလိုက် တာဝန်ရှိသူများ ကိုယ်တိုင် မပြတ်စစ်ဆေးရေး၊ တံတားများတွင် ရေကင်းချထားဆောင်ရွက်ရေး၊ ရထား မတော်တဆမှု မဖြစ်ပွားရေးအတွက် စက်မှုပိုင်း၊ သွားလာရေးပိုင်းနှင့် သံလမ်းပိုင်း တာဝန်ရှိသူများက မနားမနေစစ်ဆေးကြပ်မတ်ရေးတို့ မှာကြား သည်။

ကျိုက်ထိုဘူတာ

၎င်းမှ ကျိုက်ထိုဘူတာသို့ရောက်ရှိစစ်ဆေးပြီး ဘူတာအဆောက်အအုံ မွမ်းမံပြုပြင်ရေးနှင့် အဆင့်မြင့်ထိုင်ခုံများ အစားထိုးထားရှိရေးကိုလည်းကောင်း၊ သထုံဘူတာတွင် မြန်မာ့မီးရထားဝန်ထမ်းများ၏ ပို့ဆောင်ရေးလုပ်ငန်းဖြင့် ဝန်ဆောင်မှုဆောင်ရွက်ပေးနေသော ပြည်သူ့ဝန်ထမ်းများ ဖြစ်သည်နှင့်အညီ ရထားစီးပြည်သူများနှင့် ကုန်စည်များကို အချိန်မီ လုံခြုံချောမွေ့စွာ ပို့ဆောင် ပေးနိုင်ရန် အလေးထားဆောင်ရွက်ရေးကို မှာကြားသည်။

သံလွင်တံတား(မော်လမြိုင်)

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် သံလွင်တံတား(မော်လမြိုင်)၏ မုတ္တမ ဘက်ကမ်းရှိ ရထားချဉ်းကပ်လမ်း ဆောင်ရွက်မှုအခြေအနေအား လည်းကောင်း၊ တံတားအတွင်း ရထားသံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေ များအားလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးကလုပ်ငန်းအလိုက် ဆောင်ရွက်မှု အရှိန်အဟုန်မပျက်စေရန် ဝန်ထမ်းအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းရေး၊ သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းမှု ဂရုပြုဆောင်ရွက်ရေးတို့ မှာကြားသည်။

ရထားချဉ်းကပ်လမ်း

ဩဂုတ်၃၀ရက် နံနက်တွင် ဝန်ကြီးနှင့်အဖွဲ့သည် သံလွင်တံတား (မော်လမြိုင်) ချဉ်းကပ်ရထားလမ်း တည်ဆောက်ရေးစီမံကိန်းရုံးသို့ ရောက်ရှိ ရာ ရှင်းလင်းဆောင်၌ စီမံကိန်းအင်ဂျင်နီယာ ဦးဇော်မင်းဦးက သံလွင်တံတား (မော်လမြိုင်)၏မုတ္တမဘက်ကမ်း၊ မော်လမြိုင်ဘက်ကမ်းရထားချဉ်းကပ်လမ်းများ လမ်းအူကြောင်း လျာထားဆောင်ရွက်မှုနှင့် ကားလမ်းကျော်တံတား ပါဝင်မှု၊ ရထားသံလမ်းခင်းခြင်းနှင့် အရန်ပစ္စည်းစုဆောင်းရရှိမှု၊ ဆက်လက်တည်ဆောက် သွားမည့် မော်လမြိုင်ဘူတာရုံသစ်ကြီးနှင့် ဘူတာယာဒ်ဝင်းအတွင်း ခင်းကျင်း မည့် ရထားလမ်းများပုံစံ၊ လုပ်ငန်းလိုအပ်ချက်များကို အသေးစိတ်ရှင်းလင်း တင်ပြပြီး ဒုတိယဝန်ကြီးဦးဖေသန်းက ဖြည့်စွက်တင်ပြသည်။

ရန်ကုန်–ထားဝယ် နေ့ချင်းပေါက်

ဝန်ကြီးက သံလွင်တံတား(မော်လမြိုင်)တည်ဆောက်ရေးလုပ်ငန်းတွင် ပါဝင်သည့် မြန်မာ့မီးရထားလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီး စီးနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ဆောင်ရွက်ရန်ကျန်ရှိ သည့်လုပ်ငန်းများ ကို အသေးစိတ် တွက်ချက်လျာထား ဆောင်ရွက်သွားရေး၊ ပွင့်လင်းရာသီရောက် သည်နှင့် လုပ်ငန်းများပိုမိုမြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး ကြိုတင်စီမံထားရမည် ဖြစ်သကဲ့သို့ ယခုမိုးရာသီ၌လည်း လအလိုက် လုပ်ငန်းလျာထားချက်အတိုင်း ပြီးစီးအောင် ဝိုင်းဝန်းကြိုးပမ်းရေး၊ သံလွင်တံတား (မော်လမြိုင်)ပြီးစီးသည့်အခါ ရန်ကုန်မှထားဝယ်သို့ နေ့ချင်းပေါက်ခရီးသွား ရောက်နိုင်အောင် ရည်မှန်းထား ရှိရေးတို့မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

* ရှေ့ဖုံးမှ

ပို့ဆောင်နှုတ်ဆက်

ထိုသို့ ပို့ဆောင်နှုတ်ဆက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့ နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီးဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိမ်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Suphot Dhirakaosal နှင့် တာဝန်ရှိသူများလည်း ပို့ဆောင်နှုတ်ဆက်ကြသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ရှေးဦးစွာ ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နံနက် ၇ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့က လေဆိပ်အထူးဧည့်ခန်းမဆောင်၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်အား ရန်ကုန်မြို့တွင်း ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံ အယ်လ်ဘမ်နှင့် ဗီဒီယိုတိပ်ခွေတို့ကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်သည်။

ပုဂံယဉ်ကျေးမှုနယ်မြေထွက်ခွာ

ယင်းနောက် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatra နှင့်ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ကျော်ဟန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ စစ်သံမှူး Colonel Kasam Nakpun တို့လိုက်ပါလျက် ထိုင်းဘုရင့်တပ်မတော် အထူးလေယာဉ်ဖြင့် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေသို့ ထွက်ခွာကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေနှင့် မန္တလေးမြို့သို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန် သွားရောက်မည့် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်)ဦးစီးချုပ် General Chaisit Shinawatra အား ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် အထူးဧည့်ခန်းမဆောင်တွင် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၁

၂၀၀၃-၂၀၀၄ ခုနှစ် ထူးချွန်အားကစားသမားများ၊ (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်၊ ကျပန်း၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော စစ်မှုထမ်းများ၏ သားသမီး ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း တက်ရောက်၍ အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများကိုချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းမြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ အရာရှိကြီးများ၊ လေတပ်စခန်း ဌာနချုပ်မှူး၊ လေတပ်စခန်းမှူး၊ အုပ်မှူး၊တပ်မှူး၊ ဌာနမှူးများ၊ ဆုရအရာရှိ၊ စစ်သည်များ၊ ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၊ ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဆုများချီးမြှင့်

ရှေးဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းက အမှာစကားပြောကြားပြီး ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် တာဝန်ရှိသူများက ထူးချွန်အားကစားသမားများနှင့် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်၊ ကျပန်း၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူ အရာရှိ၊ စစ်သည်၄ဝနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရရှိသူ သုံးဦး၊ ငါးဘာသာဂုဏ်ထူးရရှိသူ ခုနစ်ဦး၊ လေးဘာသာဂုဏ်ထူးရရှိသူ ငါးဦးအပါအဝင် စုစုပေါင်း ဂုဏ်ထူးရရှိသူ ၅၈ ဦးတို့အား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

(သတင်းစဉ်)

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် မိုးရေချိန်

၁-၉-၂၀၀၄

မင်္ဂလာဒုံ	၀ ဒသမ ၁၅ လက်မ
ကမ္ဘာအေး	၀ ဒသမ ၆၇ လက်မ
ရန်ကုန်မြို့လယ်	၀ ဒသမ ၂၇ လက်မ

ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံ ၂၀၀၅ ခုနှစ် ပြက္ခဒိန်ထွက်ပြီ

ရန်ကုန် စက်တင်ဘာ ၁

စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံ ဖွင့်လှစ်ပြီး ကုသိုလ်ယူကြသည့် အနှစ်(၂၀)ပြည့် အထိမ်းအမှတ်နှင့် ရန်ပုံငွေအတွက် ထုတ်ဝေသော ၂၀၀၅ ခုနှစ် ပြက္ခဒိန်ကို ၃၀"x ၂၀"အရွယ် ဆိုက်ကြီး ပြက္ခဒိန် ဓာတ်ပုံ ပညာရှင်များဖြစ်သော မောင်မောင်ကြီး (ဆေး/မန်း) (A:MPS/F:MPS)၊ ညောင်ဦးဖိုးချို၊ ချယ်ရီဦးအေ-အေးမောင်နှင့်မျိုးမြင့်ဆွေ(နေခြည်)တို့၏ လက်ရာအတွင်း ဓာတ်ပုံခြောက်ပုံဖြင့် စတင်ဖြန့်ချိရောင်းချနေပြီဖြစ်ကြောင်းနှင့် ဝယ်ယူလိုပါက ဖုန်း-၀၁-၂၂၀၅၁၉၊ ၀၁-၅၁၃၂၄၁၊ ၀၁-၅၈၁၃၉၀နှင့် ၀၇၂-၂၂၀၃၄၊ ၀၉-၂၀၀-၁၇၁၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

၂၀၀၃-၂၀၀၄ ခုနှစ် တပ်မတော်(လေ) ထူးချွန်အားကစားသမားများ၊စစ်သည်တော်ကျင့် ဝတ် နှင့် ကျပန်းစကားပြောပြိုင်ပွဲ ဆုရရှိသူ ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာ ဂုဏ်ထူး ရရှိသူ ကျောင်းသူတစ်ဦးအား ကာကွယ်

ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ထ-ပ-ဆ)

ဩဂုတ် ၃၁ ရက်အထိ အီရတ်၌ သေဆုံးသော အမေရိကန် တပ်ဖွဲ့ဝင် ၉၇၅ ဦး ရှိပြီ

ဘဂ္ဂဒက် ဩဂုတ် ၃၁

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်ကစတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့သည်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက်ရှိကြသည်။

ကြေညာ

၂၀၀၄ ခုနှစ် ဩဂုတ် ၃၁ ရက် အင်္ဂါနေ့အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၉၇၅ ဦး ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ကြေညာခဲ့သည်။

သေဆုံး

ယင်းအနက် ၇၂၉ ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၂၄၆ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။ ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၄ ဦး၊ အီတလီ ၁၈ ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ၁၀ ဦး၊ ယူကရိန်းခြောက်ဦး၊ ဆလိုဗက်ကီးယားသုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် နယ်သာလန်တို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်ဟု ဆိုသည်။

ပြောကြား

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၈၃၇ ဦး ဖြစ်ပြီး ယင်းအနက် ၆၂၀ မှာ တိုက်ပွဲ၌သေဆုံး၍ ၂၁၇ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

နာဂျက်ဖ်မြို့တွင် အီရတ်ပြောက်ကျားတို့နှင့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားစဉ် ပျက်စီးသွားသော နာဂျက်ဖ် ဟိုတယ်အဆောက်အအုံကို ဩဂုတ် ၂၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

သမ္မတဘုရှ်၏ စီးပွားရေးဆိုင်ရာလုပ်ဆောင်ချက် သမ္မတလောင်းဂျွန်ကယ်ရီ တိုးမြှင့်ဝေဖန်တိုက်ခိုက်

ဆီယက်တဲလ် ဩဂုတ် ၂၉

စီးပွားရေးအခြေအနေနှင့် စပ်လျဉ်း၍ သမ္မတဂျော့ဒဗလျူဘုရှ်အား သမ္မတလောင်းဂျွန်ကယ်ရီက တိုက်ခိုက်ပြောဆိုခဲ့ပြီးနောက် စနေနေ့၌ ဂျွန်ကယ်ရီသည် သမ္မတဂျော့ဒဗလျူဘုရှ်အား တိုးမြှင့်ဝေဖန်တိုက်ခိုက်လိုက်သည်။

အမေရိကန်ပြည်ထောင်စုသည် အလုပ်အကိုင်များဆုံးရှုံးမှု၊ စီးပွားရေး တိုးတက်မှုနှေးကွေးခြင်းအပြင် ဆင်းရဲနွမ်းပါးမှုတို့ကို နောက်ထပ် လေးနှစ်တွင် စွမ်းဆောင်ပေးနိုင်မည် မဟုတ်ကြောင်း ဂျွန်ကယ်ရီက စနေနေ့၌ ပြောကြားခဲ့သည်။

ပြောကြား

ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီသည် သူ၏ပါတီအတွက် ဒေါ်လာသန်းများစွာ စုဆောင်းရန် နိုင်ငံအနှံ့သို့ တစ်ပတ်ကြာခရီးထွက်ခဲ့ရာတွင် စနေနေ့က ပြီးဆုံးချိန်၌ ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

မယုံကြည်

အလုပ်အကိုင်များဆုံးရှုံးမှု၊ လုပ်ခ လစာများနိမ့်ကျမှု၊ ကျန်းမာရေးကုသစရိတ် မြင့်မားမှု၊ ကျူရှင်ခများကြီးမြင့်မှုနှင့် အခွန်ငွေ လျှော့ပေါ့မှုတို့ကို လေးနှစ်တွင် အကောင်းဆုံးဖြစ်အောင် လုပ်ပေးနိုင်မည်ဟု မိမိမယုံကြည်ကြောင်း ကယ်ရီက ပြောကြားသည်။

ရွေးချယ်ရမည်

ထို့ပြင် ကယ်ရီက အထူးအကျိုးစီးပွားဖြစ်စေမည့် စီးပွားရေးကို မိမိတို့လိုလားသလော သို့မဟုတ် အလယ်အလတ်တန်းစား မိသားစုများအတွက် အကျိုးပြုမည့် စီးပွားရေးကို မိမိတို့ လိုလားသလောဆိုသည်ကို အခြေခံကျကျ မိမိတို့ရွေးချယ်ရမည်ဖြစ်ကြောင်း ကယ်ရီက ပြောဆိုသည်။

အမ်အင်အေ၊ရိုက်တာ

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် ကင်းလှည့်နေသော အီရတ်ပြောက်ကျားတစ်ဦးကို ဩဂုတ် ၂၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ပြင်သစ်သတင်းစာဆရာနှစ်ဦးအား ဓားစာခံတိုက်ခိုက်ရေးသမားတို့ဖမ်းဆီးထား

ဒိုဟာ ဩဂုတ် ၂၉

ပြင်သစ်ကျောင်းများတွင် ခေါင်းစည်းပဝါစည်းခြင်းကို ပိတ်ပင်တားမြစ်ထားခြင်းအား ရုပ်သိမ်းပေးရန် ခုခံတိုက်ခိုက်ရေးသမားများက တောင်းဆိုထားပြီး ၎င်းတို့က အီရတ်၌ ရှိသော ပြင်သစ်သတင်းစာဆရာနှစ်ဦးကို ဓားစာခံအဖြစ် ဖမ်းဆီးလိုက်သည်။

ထို့ပြင် အီတလီသတင်းစာဆရာအင်ဇိုဘော်လ်ဒိုနီအား ဓားစာခံအဖြစ် ဖမ်းဆီးပြီး သတ်ပစ်ခဲ့သော တစ်အုပ်စုတည်းပြန်ပေးသမားများက တောင်းဆိုချက်များကို ဖြေရှင်းပေးရန် ၄၈ နာရီ အချိန်ပေးလိုက်သည်။

ပြန်ပေးဆွဲခံရသော ပြင်သစ်သတင်းစာဆရာနှစ်ဦးမှာ ရေဒီယိုဖရန့်အင်တာ နေရှင်နယ်မှ ခရစ္စတင်းချက်စ်နော့နှင့် ပါရီနေ့စဉ်လီဖီဂါရိုမှ ဂျော့ချ်မာဘရူနော့တို့ ဖြစ်ကြောင်း အယ်လ်ဂျာဇီရာက သတင်းထုတ်လွှင့်သည်။

ထိုပြင်သစ်သတင်းစာဆရာနှစ်ဦးသည် နာဂျက်ဖ်မြို့သို့ ဘဂ္ဂဒက်မှ ဩဂုတ်လ ၂၀ ရက်၌ ထွက်ခွာသွားရာမှ ပျောက်ဆုံးသွားခဲ့သည်။ ပါရီရှိ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနက အယ်လ်ဂျာဇီရာ၏သတင်း ဖော်ပြချက်ကို ချက်ချင်း အတည်မပြုနိုင်သေးဘဲရှိသည်။

အီရတ်နိုင်ငံမှ တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးအတွက် နိုင်ငံများကို အကျပ်ကိုင်ရန် သတင်းစာဆရာများနှင့် အခြားနိုင်ငံခြားသားများအား အီရတ်၌ ပြန်ပေးဆွဲခြင်းကို များသောအားဖြင့် လုပ်လာခဲ့ကြသည်။

(အင်တာနက်)

ဟောင်ကောင်နှင့်ဂျော်ဒန် လေကြောင်း ပျံသန်းရေး သဘောတူ စာချုပ်ချုပ်ဆို

ဟောင်ကောင် ဩဂုတ် ၂၉

ဟောင်ကောင် အထူးဒေသအုပ်ချုပ်ရေးအဖွဲ့နှင့် ဂျော်ဒန်အစိုးရတို့သည် စနေနေ့၌ ဂျော်ဒန်နိုင်ငံမြို့တော် အမ္မန်တွင် လေကြောင်းပျံသန်းရေး သဘောတူချက်တစ်ရပ်ကို လက်မှတ် ရေးထိုးခဲ့ကြသည်။ ဟောင်ကောင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်သမားရေးရာဝန်ကြီး စတီဖင်အစ်ပ်နှင့် ဂျော်ဒန်နိုင်ငံမြို့ပြလေကြောင်းအာဏာပိုင်အဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဟန်နာနက်ချ်ဂျီယာတို့က ယင်းလေကြောင်းဆိုင်ရာသဘောတူညီချက်အား လက်မှတ်ရေးထိုးခဲ့သည်။

ထိုသဘောတူစာချုပ်အရ ဟောင်ကောင်နှင့် ဂျော်ဒန်နိုင်ငံတို့ အကြားရှိ လေကြောင်းဆိုင်ရာ ကိစ္စများတွင် အပြန်အလှန်အထောက်အပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်–အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးဒေသ ထူထောင်ရေးဆွေးနွေးပွဲ အင်ဒိုနီးရှားတက်ကြွစွာပါဝင်မည်ဟု တရုတ်နိုင်ငံမျှော်လင့်

ပေကျင်း ဩဂုတ် ၃၁

တရုတ်–အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသထူထောင်ရေးကို အင်ဒိုနီးရှားနိုင်ငံက တက်ကြွစွာပါဝင်ဆွေးနွေးလိမ့်မည်ဟု တရုတ်နိုင်ငံက မျှော်လင့်ကြောင်း တရုတ်နိုင်ငံကူးသန်းရောင်းဝယ်ရေးဝန်ကြီးဘိုစီလိုင်က တနင်္လာနေ့တွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး ရီနီဆုဝမ်ဒီသည် ပေကျင်းမြို့တွင် အင်ဒိုနီးရှားနိုင်ငံ ကုန်စည်ပြပွဲအတွက် ပေကျင်း၌ ရောက်ရှိနေသည်။

ပူးပေါင်းဆောင်ရွက်သင့်

တနင်္လာနေ့က ပေကျင်း၌ ဖွင့်လှစ်ပေးခဲ့သော ယင်းပြပွဲတွင် အင်ဒိုနီးရှားနိုင်ငံမှ ကုမ္ပဏီပေါင်း ၈၀ ကျော်က ကုန်သွယ်မှုလုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ပတ်သက်သော ပြခန်းများကို ပြသထားသည်။ တရုတ်နိုင်ငံသည် စီးပွားရေးတွင် နှစ်ပေါင်းများစွာ အောင်မြင်မှုရရှိခဲ့ကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံ အကျိုးစီးပွားအတွက် အင်ဒိုနီးရှား နိုင်ငံသည် တရုတ်နိုင်ငံနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သင့်ကြောင်း ဆုဝမ်ဒီက ပြောဆိုသည်။

မိမိယုံကြည်

အင်ဒိုနီးရှား–တရုတ် ကုန်သွယ်ရေးသည် ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း အာဆီယံ–တရုတ် ကုန်သွယ်မှုတန်ဖိုးသည်လည်း မြင့်မားလာလိမ့်မည်ဟု မိမိယုံကြည်ကြောင့် ဆုဝမ်ဒီက ဘိုစီလိုင်အား ဆက်လက် ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်မြောက်ပိုင်း မိုဆူးလ်မြို့အနီး အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရ

မိုဆူးလ် ဩဂုတ် ၂၉

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့အနောက်ဘက်တွင် အမေရိကန်တပ်ဖွဲ့ဝင်များအား ခုခံတိုက်ခိုက်ရေးသမားများက ဒုံးပစ်လောင်ချာများဖြင့် တနင်္ဂနွေနေ့က ပစ်ခတ်ခဲ့ကြရာမှ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယင်းသို့ တိုက်ပွဲဖြစ်ပွားမှုကြောင့် တိုက်ခိုက်ရေးသမားနှစ်ဦးသေဆုံးပြီး အရပ်သား ၃၄ ဦးဒဏ်ရာရခဲ့သည်ဟု ဆိုသည်။

တိုက်ခိုက်

မိုဆူးလ်မြို့ အနောက်ဘက် မိုင်၃၀ခန့်ရှိ တာလ်အာဖာမြို့အနီးတွင် အရဏ်မတက်မီအချိန်၌ ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များအား နှစ်ကြိမ်တိုက်ခိုက်ခဲ့ကြောင်း၊ ထိခိုက်သေဆုံးမှုမရှိကြောင်း အမေရိကန်စစ်ဘက်မှ ဗိုလ်ကြီးအင်ဂျီလာဘိုမင်းက ပြောကြားသည်။

ဖြတ်သွားသော အမေရိကန် ကင်းလှည့်တပ်ဖွဲ့ကို ဒုံးပစ်လောင်ချာ ရှစ်စင်းဖြင့် နံနက်သုံးနာရီ၌ စတင်ပစ်ခတ်ခဲ့ကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

နိုင်ငံတကာ သတင်းများ

ကုမ္ပဏီများ အီရတ်မှရုပ်သိမ်းပေးသဖြင့် တူရကီအင်ဂျင်နီယာနှစ်ဦးအား ပြန်လွှတ်ပေး

အစ္စတန်ဘူလ် ဩဂုတ် ၃၀

အီရတ်လက်နက်ကိုင် ပြောက်ကျားများက ပြန်ပေးဆွဲသွားခဲ့သော တူရကီအင်ဂျင်နီယာနှစ်ဦးအား ၎င်းတို့ အလုပ်လုပ်သော ကုမ္ပဏီများက ၎င်းတို့ကို ကယ်တင်ရေးအတွက် ကုမ္ပဏီများကို အီရတ်မှ ရုပ်သိမ်း မည်ဟု ပြောကြားခဲ့ပြီးနောက် တနင်္ဂနွေနေ့က လွှတ်ပေးလိုက်ကြောင်းအနာတိုလီယန်သတင်းဌာနက ပြောသည်။

အလီဒက်စ်ကင်နှင့် အဗ္ဗဒူလာ အော့ဇ်ဒီမီယာတို့သည် လုပ်ငန်း၌ရှိစဉ် လက်နက်ကိုင် ပြောက်ကျားများ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရခြင်းဖြစ်သည်။ ၎င်းတို့၏ ကုမ္ပဏီများ ဖြစ်သော ဆာရာနှင့် အပ်စ်ဆူးလ်ကုမ္ပဏီများသည် ၇၂ နာရီအတွင်း အီရတ်မှ မထွက်ခွာလျှင် ထိုနှစ်ဦးအား သတ်ပစ်မည်ဟု လွှန်ခဲ့သည့် ရက်သတ္တပတ်၌ ပြောက်ကျားများက ပြောခဲ့သည်။

၎င်းတို့နှစ်ဦးစလုံး လွတ်မြောက်လာကြောင်း ကြာသပတေးနေ့တွင် ကုမ္ပဏီများက ပြောသည်။

ဒက်စ်ကင်နှင့် အော့ဇ်ဒီမီယာတို့သည် ဘဂ္ဂဒက်ရှိ တူရကီသံရုံးတွင် ရှိကြောင်း သတင်းဌာနက ပြောသည်။

အမ်အင်အေ၊ရိုက်တာ

ပြင်သစ်သတင်းစာဆရာနှစ်ဦးလွတ်မြောက်ရေး သမ္မတဂျက်ရှီရက် ကြိုးပမ်းဆောင်ရွက်

ပါရီ ဩဂုတ် ၃၀

အီရတ်၌ ဖမ်းဆီးခံထားရသော ပြင်သစ်သတင်းစာဆရာနှစ်ဦး လွတ်မြောက်ရေးကြိုးပမ်းရန် ပြင်သစ်သမ္မတဂျက်ရှီရက်က နိုင်ငံခြားရေးဝန်ကြီးကို အရှေ့အလယ်ပိုင်းသို့ တနင်္ဂနွေနေ့က စေလွှတ်ခဲ့သည်။

တိုက်တွန်း

ခရစ္စတင်းရှက်စ်နော့နှင့် ဂျော့မာလ်ဘဂူနော့တို့ လွတ်မြောက်ရေးကို ပြင်သစ်တစ်နိုင်ငံလုံး စုစည်းညီညွတ်မှုအားကိုယူလျက် မိမိတိုက်တွန်းကြောင်း ရှီရက်က ပြောကြားသည်။

ထွက်ခွာ

ပြင်သစ်နိုင်ငံ၏ သဘောထားကို သမ္မတရှီရက်က ပြောဆိုပြီး မကြာခင်မှာပင် နိုင်ငံခြားရေးဝန်ကြီးမီချယ်ဘာနီယာသည် ပြင်သစ်သတင်းစာဆရာနှစ်ဦး ပြန်လည်လွတ်မြောက်ရေး ဆောင်ရွက်ရန် အရှေ့အလယ်ပိုင်းသို့ ခရီးထွက်ခွာသွားခဲ့သည်။

ဖြည့်ဆည်း

အီတလီသတင်းစာဆရာ အင်ဇိုဘော်လ်ဒိုနီကို သတ်ဖြတ်ခဲ့သည့် ထိုပြန်ပေးအုပ်စုက ၎င်းတို့၏ တောင်းဆိုချက်များကို ဖြည့်ဆည်းရန် ပြင်သစ်နိုင်ငံအား ၄၈နာရီအချိန်ပေးထားသည်။ ထိုသို့ မဖြည့်ဆည်းလျှင် ဘာဖြစ်မည်ဆိုသည်ကိုမူ ပြောကြားခြင်းမရှိပေ။ **အမ်အင်အေ၊ရိုက်တာ**

ဆန့်ကျင်ဆန္ဒပြ

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ အမေရိကန် သံရုံးရှေ့တွင် အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြနေသူများကို ဩဂုတ် ၃၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် တူရကီအလုပ်သမားများနှင့်ယာဉ်မောင်းများ ပစ်မှတ်ဖြစ်နေမှု လုံခြုံရေးဆောင်ရွက်ပေးရန် တူရကီနိုင်ငံခြားရေးဌာနက တောင်းဆို

ဘဂ္ဂဒက် ဩဂုတ် ၃၀

အီရတ်နိုင်ငံ၌ သွားရောက် အလုပ်လုပ်ကိုင်နေသော တူရကီအလုပ်သမားများသည် အသက်အန္တရာယ်ကို စွန့်စားလုပ်ကိုင်နေကြရပြီး အန္တရာယ်များပြားသော အဝေးပြေးလမ်းမကြီးများပေါ်တွင် မောင်းနှင်သွားလာနေသည့် တူရကီနိုင်ငံသားထရပ်ကားမောင်းသမားများသည်လည်း အီရတ်လက်နက်ကိုင်တို့၏ အဓိကပစ်မှတ်တစ်ခု ဖြစ်နေသည်။

တောင်းဆို

တူရကီအလုပ်သမားတို့ လုံခြုံရေးအတွက် အရေးယူဆောင်ရွက်ချက် အသစ်များ ပြုလုပ်ပေးရန် တူရကီအစိုးရက တောင်းဆိုလျက်ရှိသည်။ အထောက်အပံ့ပစ္စည်းများကို ကုန်တင်ယာဉ်များဖြင့် တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့မှ ဘဂ္ဂဒက်မြို့မြောက်ဘက်ရှိ အမေရိကန်စစ်အခြေစိုက်စခန်းသို့ ပေးပို့ကြရသည်။ တူရကီထရပ်ကားမောင်းသမားများ တိုက်ခိုက်ခံရမှုများကြောင့် လမ်းခရီးလုံခြုံရေးအတွက် အကူအညီပေးရန် တူရကီယာဉ်မောင်းများအဖွဲ့အစည်းက အမေရိကန်တို့ထံ တောင်းဆိုခဲ့သည်။

ကြုံတွေ့

ထို့အပြင် တူရကီနိုင်ငံခြားရေး ဝန်ကြီးဌာနကလည်း လုံခြုံရေးအစောင့်အကြပ်များ ချထားရန်၊ ထရပ်ကားမောင်းသမားများအတွက် လုံခြုံရေးစခန်းများ တည်ဆောက်ပေးရန်အပြင် အရေးပေါ် မိုဘိုင်းလ်ဖုန်းကွန်ရက် တပ်ဆင်ပေးရန် တောင်းဆိုခဲ့သည်။ ၎င်းတူရကီထရပ်ကား မောင်းသမားများစွာတို့သည် အသတ်ခံရခြင်း၊ ပြန်ပေးဆွဲခံရခြင်းများနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ ထရပ်ကားပြေးဆွဲရာ အဝေးပြေးလမ်းမကြီးများပေါ်၌ အမေရိကန်တပ်ဖွဲ့ဝင်များရှိနေရုံနှင့် ယခုကိစ္စကို ရပ်တန့်နိုင်မည်မဟုတ်ကြောင်း တူရကီ-အီရတ်စီးပွားရေးရာကောင်စီအဖွဲ့ဥက္ကဋ္ဌက ပြောကြားသည်။ **(စီအင်န်အင်န်)**

ပျက်စီး

နာဂျက်ဖ်မြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားစဉ် ပျက်စီးသွားသော နေအိမ်တစ်လုံးကို ဩဂုတ် ၂၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မူပိုင်ခွင့်များချိုးဖောက်မှု တိုက်ဖျက်ရေးစီမံချက် စက်တင်ဘာလမှစပြီး တရုတ်နိုင်ငံက ဆောင်ရွက်မည်

ပေကျင်း ဩဂုတ် ၂၉

တရုတ်နိုင်ငံသည် မူပိုင်ခွင့်များကို ချိုးဖောက်မှုများအား တိုက်ဖျက်သွားရန် တစ်နှစ်ကြာစီမံချက်ကို စက်တင်ဘာတွင် စတင်မည်ဖြစ်ကြောင်း သောကြာနေ့ အစည်းအဝေးဆုံးဖြတ်ချက်အရ သိရသည်။

တရုတ်ပြည်၏ မူပိုင်ခွင့် ချိုးဖောက်မှုများ တားဆီးကာကွယ်ရေးအဖွဲ့ခေါင်းဆောင်က ပြောဆိုရာတွင် တရုတ်နိုင်ငံအစိုးရသည် မူပိုင်ခွင့် ချိုးဖောက်မှု တားဆီးကာကွယ်ရေးကို အမြဲတမ်း အလေးထားဆောင်ရွက်ခဲ့ကြောင်း၊ မူပိုင်ခွင့်နှင့်ပတ်သက်၍ နိုင်ငံတကာအဆင့်အတန်းမီ ဥပဒေကြောင်းအရ တရားဝင်သော စနစ်များ ဥပဒေများဖြင့် တည်ဆောက်ထားကြောင်း ၎င်းက ပြောဆိုသည်။

နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့ပြီးသည့်နောက် တရုတ်ပြည်သည် မူပိုင်ခွင့် တားဆီးကာကွယ်ရေးတွင် အောင်မြင်မှုများ ရရှိလာခဲ့ကြောင်း၊ ယခုကဲ့သို့ အချိန်တိုကာလအတွင်း ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအတွက် အောင်မြင်မှုရရန် ယခုကဲ့သို့ လုပ်ဆောင်ခြင်းသည် လွယ်ကူသော အလုပ်သာဖြစ်သည်ဟု ၎င်းက ညွှန်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မြန်မာ့ဖွံ့ဖြိုးရေးလေ့လာမှု နည်းပြသင်တန်း အမှတ်စဉ်(၄) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❐ ကျောဖုံးမှ

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် မြန်မာ့ဖွံ့ဖြိုးရေးလေ့လာမှုနည်းပြ သင်တန်းများကို ပြည်နယ်၊တိုင်း၊ခရိုင်အလိုက် ဖွင့်လှစ်မည့် သင်တန်းများအတွက် နည်းပြများအဖြစ် တာဝန်ယူဆောင်ရွက်နိုင်ရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ပြီး လေ့ကျင့်ပျိုးထောင်ပေးနေခြင်းဖြစ်ကြောင်း။

ဆွေးနွေးပို့ချမည်

ယခင်သင်တန်း အမှတ်စဉ်(၁)၊ (၂)၊ (၃)တို့တွင် သင်တန်းသား ၄၅၉ ဦး လေ့ကျင့်ပျိုးထောင်ပေးခဲ့ပြီး၊ ယခုဖွင့်လှစ်သော သင်တန်း၌ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား ၂၀၀ ကို လေ့ကျင့်ပျိုးထောင်ပေးမည်ဖြစ်ကြောင်း၊ မြန်မာ့ဖွံ့ဖြိုးရေး လေ့လာမှုနည်းပြသင်တန်း တက်ရောက်ပြီးသူ အရေအတွက်သည် ပြည်နယ်၊ တိုင်း၊ ခရိုင်အသင်းအဆင့်ဆင့်တွင် ၈၀ ရာခိုင်နှုန်းကျော်ရှိလာပြီဖြစ်ကြောင်း၊ ဤနည်းပြသင်တန်း၌ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ နယ်မြေဒေသ အသီးသီး ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်အောင် နေ့မအားညမနား တည်ဆောက် ရယူခဲ့သည့် အခြေခံအဆောက်အအုံကောင်းများ၊ ပတ်ဝန်းကျင်ကောင်းများ၊ အခွင့်အလမ်းကောင်းများကို ဝန်ကြီးဌာနများအလိုက် အကြီးအကဲများကိုယ်တိုင် ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်ကြီးကို ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်ရာ၌ မြို့ပြများ ဖွံ့ဖြိုးတိုးတက်သကဲ့သို့ ကျေးလက်ဒေသများ ဖွံ့ဖြိုးလာအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရင်း ကျေးလက်ဒေသ စည်းရုံးရေးကိုလည်း တစ်ပြိုင်တည်း ဖောက်ချဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြို့ပြနှင့်ကျေးလက်ကွာဟမှု လျော့နည်းကျဆင်းပြီး ကျေးလက်နေပြည်သူများ၏ လူမှုဘဝ အဆင့်အတန်းမြင့်မားရေး၊ ကျေးလက်ဒေသ စီးပွားဖွံ့ဖြိုးရေး၊ ရေကောင်းရေသန့်ရရှိရေး၊ ကျေးလက်လမ်းများတိုးတက်ကောင်းမွန်ရေး၊ ပညာအခြေခံမြင့်မားရေး၊ ကျန်းမာရေးပြုစုစောင့်ရှောက်မှု အဆင့်မြင့်မားရေး စသည့်ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်နှင့်အတူ တစ်နိုင်တစ်ပိုင် ကျေးလက်မီးရရှိရေး လုပ်ငန်းများကိုပါ ဖြစ်နိုင်သမျှလုပ်ကိုင်ဆောင်ရွက်ရေးသည် အသင်းကြီး၏ ယနေ့မျက်မှောက် ဆောင်ရွက်သွားရမည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများပင်ဖြစ်ကြောင်း။

တိုးချဲ့ဖွင့်လှစ်

ယနေ့နိုင်ငံတော် တစ်ဝန်း၌ စီးပွားရေးအရ တိုးတက်အောင်မြင်မှုများကိုစိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍစသည်ဖြင့် ကဏ္ဍအားလုံး၌ သိသာထင်ရှားစွာတွေ့မြင်နေရပြီဖြစ်ကြောင်း။

အလားတူ ပညာရေးကဏ္ဍ၌ အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ တက္ကသိုလ်၊ ကောလိပ်များ တိုးချဲ့ဖွင့်လှစ်ခြင်း၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ၊ ဆေးပညာဆိုင်ရာအဆင့်မြင့်သင်ကြားမှုဌာနများကိုလည်း တိုးချဲ့ဖွင့်လှစ်ခြင်းတို့ဖြင့် နိုင်ငံတော်အတွက် လိုအပ်သည့်ပညာတတ်များကို မွေးထုတ်ပေးလျက်ရှိကြောင်း၊ ထို့အတူ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုကျယ်ပြန့်စွာဆောင်ရွက်နိုင်ရေးအတွက် ဆေးရုံ၊ ဆေးပေးခန်းများကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိကြောင်း။

အထူးသဖြင့် မိမိတို့အစိုးရလက်ထက်၌ အကြောင်းအမျိုးမျိုးကြောင့် ခေတ်နောက်ကျနေခဲ့ရသည့် နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်လာရေးအတွက် အလေးထား ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလက်တွေ့လုပ်ကိုင်ပေးခြင်းဖြင့် ဒေသခံပြည်သူတို့ကို ထိရောက်စွာ အကျိုးပြုနိုင်ပြီး အသင်းကြီး၏ လုပ်ငန်းစဉ်များအပေါ် နားလည်ထောက်ခံအားပေးမှုများကို ပိုမိုရရှိလာစေမည်ဖြစ်ကြောင်း၊ ပြည်သူများနှင့် တစ်သားတည်းနေထိုင်ပြီး ရင်းနှီးယုံကြည်မှုရရှိလာသည်နှင့်အမျှ ပြည်သူများက မိမိတို့၏လုပ်ဆောင်မှုများအပေါ် ယုံကြည်အားကိုးလာပြီး ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်လာမည်ဖြစ်ကြောင်း။

ဦးစားပေးစည်းရုံးဆောင်ရွက်

ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ၌ မိမိတို့အသင်း၏အင်အားနှင့် ကျေးရွာပြည်သူများ၏ အင်အားပေါင်းပြီး ဆောင်ရွက်သည့်လုပ်ငန်း၊ မိမိတို့အင်အားသက်သက်ဖြင့် မလုပ်နိုင်ဘဲ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းဟူ၍ နှစ်ပိုင်းရှိမည်ဖြစ်သကဲ့သို့ လတ်တလောအကျိုးပြုလုပ်ငန်းနှင့် ရေရှည်အကျိုးပြုလုပ်ငန်းများဟူ၍လည်း ရှိမည်ဖြစ်ကြောင်း၊ ပြည်သူတို့၏ဆန္ဒအပေါ်တွင် အားပြုပြီးလုပ်ရသည့် လုပ်ငန်းများဖြစ်၍ ပြည်သူတို့၏ နိုးကြားသည့် အသိစိတ်ဓာတ်ဖြင့် စိတ်ရောကိုယ်ပါ ပါဝင်ဆောင်ရွက်လာရန်လိုအပ်ကြောင်း၊ ထို့ပြင် ရပ်ရွာဒေသဖွံ့ဖြိုးရေးအတွက် ကိုယ့်အားကိုယ်ကိုး စိတ်ဓာတ်ထက်သန်စွာဖြင့် ဆောင်ရွက်လာစေရန်လည်း နည်းပေးလမ်းပြ စည်းရုံးဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ကာလဒေသနှင့်ကိုက်ညီပြီး လိုလည်းလိုအပ်၊ ဖြစ်လည်းဖြစ်နိုင်၊ အောင်လည်းအောင်မြင်နိုင်သော လုပ်ငန်းများကို ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပြီး ဦးစားပေး စည်းရုံးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ဌာနဆိုင်ရာများ သွားရောက်နိုင်ခြင်းမရှိသော နေရာဒေသအချို့ကို မိမိအသင်းဝင်များအနေဖြင့် နည်းအမျိုးမျိုးဖြင့် ထိုးဖောက်သွားရောက်စည်းရုံးသွားနိုင်ရန်လည်း လိုအပ်ကြောင်း၊ အပင်ပန်းခံ ကွင်းဆင်းလှုပ်ရှားနိုင်မှသာ အောက်ခြေပြည်သူတို့၏ အခြေအနေမှန်ကို သိရှိပြီး ထိရောက်သော ကူညီအကျိုးပြုခြင်းဖြင့်သာ မိမိတို့အသင်းအား အဆင့်ဆင့်တောင့်တင်းခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ယခုအချိန်တွင် နိုင်ငံတော်၌ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အခြေခံကောင်းများကို ခိုင်ခိုင်မာမာ တည်ဆောက်ထားနိုင်ပြီ ဖြစ်သည့်အပြင် အနာဂတ်နိုင်ငံတော်အုပ်ချုပ်ပုံ စနစ်သစ်အတွက်လည်း ညင်သာစွာ အသွင်ကူးပြောင်းပေးလျက် ရှိကြောင်း၊ နိုင်ငံရေးဦးတည်ချက် (၄)ရပ်အနက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးတို့ကို ခိုင်မာစွာ ထူထောင်နိုင်ခဲ့ပြီဖြစ်ရာ ကျန်ရှိသောနိုင်ငံရေး ဦးတည်ချက် (၂)ရပ်ဖြစ်သည့်

- **ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး၊**
- **ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးတို့ကို အပြီးသတ်ပြည့်စုံစွာ အကောင်အထည်ဖော်ရန် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အတိအလင်းချမှတ်ဆောင်ရွက်နေပြီဖြစ်ကြောင်း။**

ယင်းမူဝါဒ လမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မှသာ နိုင်ငံတော်ကြီးကို စည်းကမ်းပြည့်ဝသော ဒီမိုကရေစီထွန်းကားသည့် ခေတ်မီနိုင်ငံတော်ကြီးအဖြစ် ဆက်လက်ပုံဖော်တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

တက်ညီလက်ညီအကောင်အထည်ဖော်

ထို့ကြောင့် ယင်းလုပ်ငန်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် အသင်းကြီး၏ အဆင့်တိုင်းက တက်တက်ကြွကြွ ပါဝင်လှုပ်ရှားနေကြခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏အနာဂတ်အရေးနှင့်ဆက်စပ်နေသည့် လုပ်ငန်းစဉ်များဖြစ်သည့်အတိုင်း အသင်းဝင်အားလုံးကထက်ထက်သန်သန်စေတနာရှိရှိဖြင့် တက်ညီလက်ညီ စည်းရုံးအကောင်အထည်ဖော်သွားကြရန်ဖြစ်ကြောင်း။

အောင်မြင်အောင်ဆောင်ရွက်

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ အသင်းဝင်များသည် မိမိတို့ပါဝင်ဆောင်ရွက်နေရသော တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် တာဝန်များ၏ မွန်မြတ်ခြင်းနှင့် အရေးပါမှုကို သိရှိ နားလည်တန်ဖိုးထားကြရန်၊ မိမိတို့ ပါဝင်ဆောင်ရွက်နိုင်စွမ်းရှိမှုအပေါ် ဖြစ်ပေါ်လာမည့် အကျိုးဆက်ရလဒ်ကောင်းများကိုလည်း မြင့်တင်ဂုဏ်ယူတတ်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အပိုင်းက စိတ်ကောင်းစေတနာကောင်းထားပြီး အနာဂတ်နိုင်ငံတော်ကြီးကို ပုံဖော်တည်ဆောက်ပေးနေသည့် အခွင့်အခါကောင်းကို အရအမိဆုပ်ကိုင်ရယူနိုင်ရန် လိုအပ်ကြောင်း၊ အကောင်းနှင့်အဆိုး၊ အပြုနှင့်အဖျက်၊ တိုင်းကျိုးပြည်ပြုလုပ်ငန်းနှင့် အဖျက်လုံ့ဆော်မှု လုပ်ငန်းများကို ခွဲခြားသိမြင်နိုင်ရန် လိုအပ်ကြောင်း၊ ပြည်သူတစ်ရပ်လုံး ပါဝင်လာအောင် စည်းရုံးဆောင်ရွက်ရာ၌ ကာလ၊ဒေသ၊ ပယောဂအခြေအနေတို့ကို ဆင်ခြင်သုံးသပ်ပြီး၊ အောင်မြင်အောင် ဆောင်ရွက်နိုင်ကြရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အမိနိုင်ငံတော်အတွက် တစ်ခုတည်းသော အမျိုးသားရေးအသင်းကြီးဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့် တစ်မျိုးသားလုံး၏ အကျိုးစီးပွားဖွံ့ဖြိုးသည်ထက်ဖွံ့ဖြိုးလာအောင်အမျိုးသားရေးတပ်ဦးအဖြစ် မားမားမတ်မတ်၊ ကြံ့ကြံ့ခိုင်ခိုင်ရပ်တည်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သင်တန်းသား သင်တန်းသူများအနေဖြင့် ယခုသင်တန်း၌ ရရှိလာမည့် အတွေ့အကြုံနှင့် အသိအမြင်များအပေါ်အခြေခံပြီး ပိုမိုတိုးတက်အောင်လေ့လာဆောင်ရွက်သွားကြပါ၊ နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်လာအောင် နယ်မြေအတွင်း ကွက်ပြည့်စည်းရုံးမှုများကို အောင်မြင်အောင်ဆောင်ရွက်သွားကြပါဟုမှာကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားပြီး သင်တန်းဖွင့်ပွဲအခမ်းအနားကို ရပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းဖွင့်ပွဲအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မြန်မာ့ဖွံ့ဖြိုးရေးလေ့လာမှု နည်းပြသင်တန်း အမှတ်စဉ်(၄)သို့ တက်ရောက်လာကြသော ပြည်နယ်နှင့်တိုင်းများမှသင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင် ဗီယက်နမ်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၂

၂၀၀၄ ခုနှစ် စက်တင်ဘာ ၂ရက်တွင် ကျရောက်သော ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၅၉)နှစ်မြောက် အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးမစ္စတာငုယင်ဇီညံထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

စက်သုံးဆီ ခြိုးခြံချွေတာရေး

- ❊ ကားတစ်စီး တစ်လ စက်သုံးဆီတစ်ဂါလန် ခြိုးခြံချွေတာလျှင် နိုင်ငံခြားငွေ တစ်ဒေါ်လာ သက်သာမည်။
- ❊ မြန်မာနိုင်ငံတွင် ကားစီးရေ ၄၅၅၈၂၂စီး ရှိသဖြင့် တစ်နှစ်လျှင် နိုင်ငံခြားငွေ ၅ဒသမ၅သန်း သက်သာမည်။
- ❊ ထိုငွေဖြင့် ရောဝတီမြစ်ကူးတံတားကြီး တစ်စင်း တည်ဆောက်နိုင်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက် ဒေသစည်းရုံးရေးကိုလည်း တစ်ပြိုင်တည်းဖောက်ချလုပ်ဆောင်

- ❏ ဌာနဆိုင်ရာများသွားရောက်နိုင်ခြင်းမရှိသော နေရာဒေသအချို့ကို အသင်းဝင်များအနေဖြင့် နည်းအမျိုးမျိုးဖြင့် ထိုးဖောက်သွားရောက် စည်းရုံးသွားနိုင်ရန် လိုအပ်။
- ❏ အပင်ပန်းခံ ကွင်းဆင်းလှုပ်ရှားနိုင်မှသာ အောက်ခြေပြည်သူတို့၏ အခြေအနေမှန်ကို သိရှိပြီး ထိရောက်သော ကူညီအကျိုးပြုခြင်းဖြင့်သာ မိမိတို့အသင်းကို အဆင့်ဆင့်တောင့်တင်းခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်သွားရမည်။
- ❏ မြို့ပြများ ဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ ကျေးလက်ဒေသများ ဖွံ့ဖြိုးလာအောင် ဆောင်ရွက်။
- ❏ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရင်း ကျေးလက်ဒေသ စည်းရုံးရေးကိုလည်း တစ်ပြိုင်တည်း ဖောက်ချလုပ်ဆောင်။
- ❏ အသင်းဝင်များသည် မိမိတို့ပါဝင်ဆောင်ရွက်နေရသော တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့်တာဝန်များ၏ မွန်မြတ်ခြင်းနှင့် အရေးပါမှုကို သိရှိနားလည် တန်ဖိုးထား။

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)၏ စတုတ္ထအကြိမ်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၂၉ရက်က အသင်းတိုက်တည်ရာ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အေးသန်းထွန်း(ငြိမ်း)နှင့် အသင်းသူ အသင်းသားများက ဆရာတော်၊ သံဃာတော်များအား ဝါဆို သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

ဝါဆိုသင်္ကန်းလှူဒါန်းမည်

ရန်ကုန် စက်တင်ဘာ ၁

ရဋ္ဌပါလဓမ္မယောသကအဖွဲ့၏ ဦးဆောင်မှုဖြင့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၁)မှ (၁၁)ထိနှင့် အဆင့်မြင့်သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁)နှင့်(၂) သင်တန်းသား သင်တန်းသူများ၏ ပထမအကြိမ်ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို စက်တင်ဘာ ၅ရက် (တနင်္ဂနွေနေ့)နံနက်ပိုင်းတွင် မဟာသဓာခန်းမ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်လမ်းတွင် ကျင်းပမည်ဖြစ်ရာ သင်တန်းသား သင်တန်းသူများ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တအရိယာဘိဝံသအား အမှူးထားလျက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပါမောက္ခ (မိုးမိတ်)အမှူးပြုသည့် စာချစာသင် သံဃာတော်များအား ဝါဆိုသင်္ကန်းလှူဒါန်းပွဲကို ဩဂုတ် ၁၈ရက်က မဟာမင်္ဂလာ ပရိယတ္တိစာသင်တိုက် မဟာနန္ဒိသေနာရာမတိုက်ခွဲတွင် ကျင်းပရာ မိုးမိတ်မြို့ ရွာတော်လေးရပ် ရဟန်းမယ်တော်ကြီးဒေါ်အုန်းတင်၊ ရဟန်းအမဒေါ်ခင်ဌေး(ရွှေဝါထွန်းဆန်စက်မိသားစု)က ငွေကျပ်တစ်သိန်း၊ ဦးအောင်သင်း၊ ဒေါ်ညွန့်မယ် မိသားစုက ငွေကျပ်သုံးသောင်း၊ ဒေါ်စီ၊ သမီးမခင်ဖြူနှင့်ထိန်လင်းကြည် ပုံနှိပ်တိုက်တို့က ငွေကျပ်နှစ်သောင်းစီ၊ ရွှေဂူ ဆရာတော်၊ ဒေါ်အေး မိသားစု၊ ဒေါ်ကွမ်မိသားစု၊ ဦးမင်းအောင်၊ ဒေါ်စောတင်မိသားစု၊ ဓာတ်ပုံကိုပေါက်မိသားစုတို့က ငွေကျပ်တစ်သောင်းစီကို မိုးမိတ်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြစဉ်။ (က-ပ)

တစ်ပြည်လုံးတွင်အများအားဖြင့် မိုးလျော့နည်းမည်

ရန်ကုန် စက်တင်ဘာ ၁

ယနေ့နံနက်၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်များအရ လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်နှင့် မကွေး တိုင်းတို့၌ နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့်ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ နမ့်ဆန်မြို့တွင် ၂ဒသမ၆၈လက်မ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတိုင်းတို့တွင် မုတ်သုံလေအားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

ထူးခြားသည့်အခြေအနေမှာ ယနေ့နံနက် မြန်မာစံတော်ချိန်၉နာရီခွဲအထိ တိုင်းထွာချက်များအရ ယမန်နေ့က တုံကင်းပင်လယ်ကွေ့တွင် ဖြစ်ပေါ်ခဲ့သောအပူပိုင်းမုန်တိုင်းငယ်သည် ဗီယက်နမ်မြောက်ပိုင်းကမ်းခြေကို ဟန္နိုင်းမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး အားပျော့ပျက်ပြယ်သွားပြီဖြစ်သည်။

စက်တင်ဘာ ၂ ရက် ညနေအထိ ခန့်မှန်းချက်မှာ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကျဲကျဲနှင့်ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နောက်နှစ်ရက်အထိ ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် မိုးလျော့နည်းမည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

ကံထူးရှင်ရွေးချယ်

ရန်ကုန် စက်တင်ဘာ ၁

(၁၈၈)ကြိမ်မြောက် ကျပ်၅၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသည့် ဆုကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း၃၀၀အထူးဆု

က-၂၃၅၇၄၁

ကျပ်သိန်း၅၀ဆုများ

ဒ-၂၀၂၆၁၈ ဌ-၆၉၅၀၁၂
က-၁၁၈၀၃၃ ဗ-၁၂၁၇၂၄
တ-၄၈၇၀၇၁ ပ-၈၈၀၃၃၀
ဇ-၃၅၅၁၈၀ စ-၉၁၉၀၅၉
ပ-၄၅၀၇၆၅ စ-၁၃၅၅၂၀
ည-၇၄၂၃၀၀ ဏ-၇၉၄၅၂၃

ကျပ်၂၅သိန်းဆုများ

ဟ-၈၄၃၈၂၂ ဋ-၁၅၀၇၅၇
ဆ-၆၅၃၇၆၃ ကက-၂၂၀၃၃၀
သ-၉၀၇၉၆၆ ဆ-၆၅၀၉၂၂
ဠ-၅၇၀၃၉၉ ခ-၁၁၈၇၈၅
လ-၄၄၇၄၂၉ ဈ-၅၇၀၄၄၅
တ-၇၆၉၀၃၆ ဘ-၈၃၉၇၁၁
ဋ-၇၂၀၃၇၁

ကျပ်သိန်း၅၀(မင်္ဂလာစုံတွဲ)ဆုများ

ယ-၅၉၃၃၉၅ စ-၈၀၈၁၈၅
ဇ-၄၇၃၈၀၈ ကခ-၄၀၅၀၀၉
ကခ-၈၈၆၈၃၂ ဂ-၈၀၂၃၈၂
ပ-၄၇၁၈၈၆ ပ-၂၁၂၁၁၄
ခ-၉၀၉၀၀၁ ရ-၅၈၉၅၃၄
ဗ-၃၇၃၁၅၇ ဖ-၁၂၆၈၃၂
န-၉၉၂၂၇၄ ခ-၄၃၉၁၁၄
စ-၉၉၀၄၆၁ ဖ-၈၅၁၅၀၅
က-၃၈၇၅၈၀ ကက-၆၄၉၃၂၆
တ-၈၆၉၇၈၄

ဗုဒ္ဓအမွေအနှစ်ပစ္စည်းများခင်းကျင်းပြသနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး ဗုဒ္ဓယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ ရာစုအလိုက်ခင်းကျင်းပြသမည်

ရန်ကုန် စက်တင်ဘာ ၁

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးတွင် ဗုဒ္ဓအမွေအနှစ်ပစ္စည်းများ ခင်းကျင်းပြသနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကို တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အကြံပေးပုဂ္ဂိုလ်ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ဖွင့်လှစ်သည်။ ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက အဖွင့်အမှာစကားပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီးနောက် ဆက်လက်၍ အထွေထွေအပိုင်းကို ဆွေးနွေးတင်ပြကြသည်။

ခင်းကျင်းပြသမည်

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးတွင်ပြည်ထောင်စုမြန်မာနိုင်ငံရှိ ဗုဒ္ဓအမွေအနှစ်ပစ္စည်းများ၊ ဓာတ်တော်မွေတော်များ၊ ရုပ်ပွားတော်များ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုအမွေအနှစ်ဓာတ်ပုံ၊ ပန်းချီကားများ၊ ဗုဒ္ဓပွင့်ထွန်းရာ ဗုဒ္ဓဂယာရှိ ဗုဒ္ဓယဉ်ကျေးမှုအမွေအနှစ် ဓာတ်ပုံကားချပ်ကြီးများ အပါအဝင် ဗုဒ္ဓယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းများကို ရာစုအလိုက်၊ ခေတ်အလိုက် ခမ်းနားစွာ ခင်းကျင်း ပြသသွားမည်ဖြစ်သည်။

(သတင်းစဉ်)

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီ၊စစ်ရေးတေးပြိုင်ပွဲ ယှဉ်ပြိုင်နိုင်ရန် စည်းကမ်းသတ်မှတ်ချက်များထုတ်ပြန်

ရန်ကုန် စက်တင်ဘာ ၁

၂၀၀၅ ခုနှစ် မတ်၂၇ရက်တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ကဗျာနှင့်အနုပညာပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ၏ စစ်ချီ၊ စစ်ရေးတေးပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီက တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီ၊ စစ်ရေးတေးပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

စစ်ချီတေးပြိုင်ပွဲနှင့်ပတ်သက်၍ အလွတ်တန်းအဆင့် တစ်ဆင့်တည်းသာ သတ်မှတ်ပြီး စစ်ရေးတေးပြိုင်ပွဲအနေဖြင့် အဆင့်(၁)နှင့် အဆင့်(၂)နှစ်ဆင့် သတ်မှတ်ထားသည်။ ပြိုင်ပွဲအဆင့်တိုင်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုများအပြင် အထူးဆုများကိုပါ ချီးမြှင့်မည်ဖြစ်သည်။

အစဉ်အလာ(၁၂)ရပ်

စည်းကမ်းသတ်မှတ်ချက်များမှာ စစ်ချီ၊ စစ်ရေးတေးပြိုင်ပွဲအတွက် နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များနှင့်တပ်မတော်၏ အစဉ်အလာ(၁၂)ရပ်တို့အပေါ်တွင် အခြေပြု၍ ဘောင်ဝင်အောင် ရေးစပ်သီကုံးကြရမည်။

စစ်ချီတေးအတွက် မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး စစ်ရေးတေးအတွက် အဆင့်(၁)နှင့် အဆင့်(၂)ဟူ၍ နှစ်ဆင့်ခွဲခြားထားမည်ဖြစ်ရာ အဆင့်(၁)ရှိသူ ဂီတစာဆိုနှင့်တေးသံရှင်များအား အဆင့်(၂)ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ဘဲ စစ်ရေးတေးအဆင့်(၂)တွင် ယခင်နှစ်များက ပထမ၊ ဒုတိယ၊ တတိယရရှိသူများအား အဆင့်(၁)တွင်သာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်။

ပြိုင်ပွဲတွင်တစ်ဦးချင်းသော် လည်းကောင်း၊ အဖွဲ့အနေဖြင့်သော်လည်းကောင်းသီချင်းတစ်ပုဒ်ကိုသာ ယှဉ်ပြိုင်ခွင့်ပြုမည်။ ပြိုင်ပွဲဝင် စစ်ချီတေးသီချင်းများသည် စစ်ချီသီချင်းစပ်ထုံး၊ စပ်နည်းစနစ်များနှင့်အညီ ကိုက်ညီရမည်။

မြန်မာ့တေးသွား၊ မြန်မာ့ဟန်

ပြိုင်ပွဲဝင် စစ်ရေးတေးသီချင်းများသည် မြန်မာ့တေးသွား၊ မြန်မာ့ဟန်ဖြစ်ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင် စစ်ချီ၊ စစ်ရေးတေးအားလုံးသည် ကိုယ်ပိုင်သံစဉ်တေးသွားဖြစ်ရမည်။ မြန်မာ့တေး စပ်ထုံးစပ်နည်းများနှင့်အညီ အပိုဒ်၏အဆုံးချ ကာရန်များတူညီရမည်။ အချိန်လေးမိနစ်မှ ခြောက်မိနစ်အတွင်းသာ ဖြစ်ရမည်။

ပြိုင်ပွဲဝင်သီချင်းများကို ခိုင်ခံ့သောအဆိုနှင့်ပြည့်စုံသော တီးခတ်မှုများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်။ ပြိုင်ပွဲဝင် ကက်ဆက်တိပ်ခွေ၊ သို့မဟုတ် Reel၊ သို့မဟုတ် Dat ခွေတစ်ခွေတွင် တေးသီချင်းတစ်ပုဒ်သာ အသံသွင်းယှဉ်ပြိုင်ရမည်။ ခေါင်းစဉ်ကို သင့်လျော်သလိုပေးနိုင်သည်။ ပြိုင်ပွဲဝင်တေးသီချင်းစာသားကို လက်နှိပ်စက်မိတ္တူ ၁၀ ရွက်နှင့် Music Notes မူရင်းတစ်ရွက်ကို ကက်ဆက်ခွေ၊ သို့မဟုတ် Reel၊ သို့မဟုတ် Datတိပ်ခွေနှင့် တစ်ပါတည်း ပူးတွဲတင်ပြရမည်။

ပူးတွဲပေးပို့

ပြိုင်ပွဲဝင် တေးရေးသူ၊ တေးဆိုသူတို့၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်းချုပ်နှင့် နှစ်လက်မ x နှစ်လက်မခွဲအရွယ် ရောင်စုံဓာတ်ပုံသုံးပုံ ပူးတွဲပေးပို့ရမည်။ ပဏာမရွေးချယ်ခံရသူများအား အကြောင်းကြားမည်။ ပဏာမရွေးချယ်ခံ တေးများသည် အပြီးသတ်ရွေးချယ်ခံနိုင်ရန်အတွက် ပြန်လည်အသံသွင်းပြီး အသံသွင်းကြိုးခွေ၊ တိပ်ခွေဖြင့် ထပ်မံယှဉ်ပြိုင်ရမည်။

နောက်ဆုံးထားပေးပို့

ပြိုင်ပွဲဝင်တေးသီချင်းများကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နောက်ဆုံးထား၍ ဦးကိုကိုထွေး အတွင်းရေးမှူး တပ်မတော်နေ့ စစ်ချီ၊ စစ်ရေးတေးပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ ပေးပို့ကြရမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂-၉-၂၀၀၄

(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅ ၈။ မျိုးချစ်တပ်မတော်
၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Population Statistics I (စီးပွားရေး-ဒုတိယနှစ်)
၅:၃၅ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၆။ မြန်မာ့ရှုခင်း
၆:၄၀ ၁၇။ လျှပ်တစ်ပြက်
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာရွှေအိုး"** (အပိုင်း-၃၁)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိန်းငှက်သူရဲကောင်း"** (အပိုင်း-၁)

ပြည်သူများအာဟာရတိုးတက်မြင့်မားရေး အထူးအလေးထားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ နိုင်ငံတော်အတွင်း ပီတာမင်အေချို့တဲ့မှုကြောင့် မျက်စိကွယ်ရသည့်ကလေးများမရှိသလောက်ရှားပါးသွားပြီ

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

■ ကျောဖုံးမှ

ကော်မတီဝင်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အခြားသောကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ကျင်းပရေး ဦးစီးကော်မတီဝင်များ၊ မြန်မာနိုင်ငံ အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေး ဗဟိုကော်မတီဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဗဟိုအဆင့်ဆေးရုံအုပ်ကြီးများ၊ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှူးနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတွင် အာဟာရလုပ်ငန်းဆောင်ရွက်နေသည့် နိုင်ငံတကာ NGOများမှ ကိုယ်စားလှယ်များ၊ ဆားလုပ်ငန်းရှင် ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကြိုးပမ်းဆောင်ရွက်နေ

အခမ်းအနားတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိန့်ခွန်းပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရအောင် ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိရာတွင် အဓိကအကျဆုံးလူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် မိမိနိုင်ငံသူနိုင်ငံသားပြည်သူများ၏ ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေးတို့သည် ပဓာနအကျဆုံး အမျိုးသားရေးလိုအပ်ချက်များဖြစ်သည်ကို ခံယူထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် အမျိုးသားရေးဦးတည်ချက်ကို ခိုင်ခိုင်မာမာချမှတ်ပြီး လက်တွေ့အကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရအောင် ဘက်စုံကဏ္ဍစုံက ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ယခုကဲ့သို့ ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားများဖြစ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံသူနိုင်ငံသားတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ နိုင်ငံသားတိုင်း ရောဂါဘယကင်းရှင်းရေးဆိုသည့် ရည်မှန်းချက်များချမှတ်ပြီး ရောဂါကာကွယ်ရေး၊ကုသရေးနှင့် ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရေးလုပ်ငန်းများကို ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရေးတွင် အရေးကြီးသောအခန်းကဏ္ဍကပါဝင်နေသည့် ပြည်သူများ၏ အာဟာရအခြေအနေ တိုးတက်မြင့်မားရေးကို နိုင်ငံတော်အစိုးရက အထူးအလေးထားပြီး စနစ်တကျစီမံချက်များ ချမှတ်ကာ ဘက်စုံထောင့်စုံက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေခြင်းပင်ဖြစ်ကြောင်း။

ပြည်သူများ၏ အာဟာရအခြေအနေတိုးတက်မြင့်မားလာစေရေးအတွက် စားနပ်ရိက္ခာဖူလုံရေးကို အခြေခံကျသည့် လိုအပ်ချက်တစ်ရပ်အဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးနေသကဲ့သို့ အာဟာရပြည့်ဝသော အစားအစာများကို ကျန်းမာရေးနှင့်ညီညွတ်အောင်စနစ်တကျ စားသုံးတတ်ကြစေရန်လည်း အရေးကြီးသည့် လုပ်ငန်းတစ်ရပ်အဖြစ် ယှဉ်တွဲဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

မြန်မာနိုင်ငံ၏ အဓိကစားသုံးသီးနှံဖြစ်သည့် ဆန်စပါးပိုမိုထွက်ရှိရေး၊ ပြည်တွင်း၌ စားသုံးဆီဖူလုံရေး၊ ပဲ့ကုန်သီးနှံများတိုးတက်ထုတ်လုပ်ရေးတို့အတွက် လယ်ယာကဏ္ဍတွင် စီမံကိန်းများရေးဆွဲပြီး နိုင်ငံတော်အစိုးရက စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်တွင်းစားသုံးမှု ဖူလုံပြည့်စုံစေရေးအတွက်သာမက ဒေသတွင်းနှင့် ကမ္ဘာ့စားနပ်ရိက္ခာဖြည့်တင်းပေးနိုင်ရေးအတွက်ပါ သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်စေရန် ဦးစားပေး စီမံဆောင်ရွက်လျက်ရှိကြောင်း။

အလားတူပင် မြန်မာနိုင်ငံ၏ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းနှင့် တကွ မြစ်ချောင်းအင်းအိုင်များ ပေါများကြွယ်ဝမှုက ဖန်တီးဖော်ဆောင်ပေးထားသည့် သားငါးထုတ်လုပ်နိုင်မှု အခြေအနေအခွင့်အလမ်းကောင်းများ ကို ထိထိရောက်ရောက်အသုံးချပြီး မွေးမြူရေးနှင့်သားငါးကဏ္ဍမှာပါ မြှင့်တင်အားပေးလျက် ပြည်သူများ၏ စားနပ်ရိက္ခာဖူလုံပြည့်စုံရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

စီမံကိန်းများချမှတ်

ထို့အပြင် ပြည်သူများစားနပ်ရိက္ခာ ဖူလုံရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ဒေသအလိုက်၊ မြို့နယ်အလိုက် ဆန်စပါးဖူလုံရေးနှင့် အခြားစားနပ်ရိက္ခာများ တိုးတက်ထုတ်လုပ်နိုင်ရေးကို ရည်မှန်းပြီး စနစ်တကျစီမံကိန်းများချမှတ်ကာ အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ယခုကဲ့သို့ ပြည်သူများ၏အာဟာရ ဖြည့်ဆည်းပေးနိုင်မှုအခြေအနေကို မြှင့်တင်ပေးနိုင်ရန်အတွက် စားနပ်ရိက္ခာထုတ်လုပ်ရေးအပိုင်းတွင် စနစ်တကျ အစီအမံများချမှတ်ကြိုးပမ်း ဆောင်ရွက်နေသကဲ့သို့ အာဟာရ ပြည့်ဝသော အစားအစာများကို ကျန်းမာရေးနှင့်ညီညွတ်စွာ စားသုံးတတ်ရေးအတွက်လည်း ကျန်းမာရေးကဏ္ဍက ဟန်ချက်ညီညီ ပညာပေးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

သုတေသနပြုဖော်ထုတ်

အာဟာရပြဿနာသည် အခြားကျန်းမာရေးပြဿနာများနှင့် နီးနွှယ်ဆက်စပ်နေသည်ကို ပညာရှင်အများက လက်ခံထားပြီးဖြစ်ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရောဂါအမျိုးမျိုးကြောင့် သေဆုံးကြရသည့် ငါးနှစ်အောက်ကလေးသူငယ်များအနက် ၅၀ ရာခိုင်နှုန်းကျော်မှာ အာဟာရချို့တဲ့မှုနှင့် ဆက်စပ်ပတ်သက်နေသည်ဟု လေ့လာသိရှိရကြောင်း၊ ထို့အပြင် အာဟာရချို့တဲ့မှု၊ သွေးအားနည်းမှုများသည် ကိုယ်ဝန်ဆောင်အမျိုးသမီးများကို မီးဖွားခြင်းနှင့် ဆက်နွှယ်သော ဝေဒနာအမျိုးမျိုးကို ခံစားရစေပြီး အသက်ဆုံးရှုံးရန် အန္တရာယ် ပိုများစေသည်ကို ပညာရှင်များအားလုံး လက်ခံထားသည့်အချက်ဖြစ်ကြောင်း၊ သွေးအားနည်းသောမိခင်များသည် ကိုယ်အလေးချိန်မပြည့်သည့် ရင်သွေးငယ်များကို မွေးဖွားတတ်ကြောင်းလည်း ကျန်းမာရေးပညာရှင်များက သုတေသနပြု ဖော်ထုတ်ထားပြီးဖြစ်ကြောင်း။

ထို့ကြောင့် အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အာဟာရချို့တဲ့မှုများ လျော့နည်းပပျောက်ရေး၊ ကျန်းမာရေးကို အထောက်အကူပြုသည့် စားသောက်ပုံ အလေ့အထများထွန်းကားလာရေး၊ အာဟာရလွန်ကဲမှုနှင့် နီးနွှယ်နေသော ရောဂါများ၏အန္တရာယ်မှ ကာကွယ်တားဆီးရေးဆိုသည့် ရည်မှန်းချက်များချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ဤရည်မှန်းချက်များနှင့်အညီ အာဟာရဓာတ်များပါဝင်သော ဆေးများတိုက်ကျွေးမှု၊ အာဟာရဖြည့်စွက်ထားသည့်အစားအစာများ ထုတ်လုပ်

မိခင်လောင်းများအတွက် သံဓာတ်ဆေးပြားဖြန့်ဝေမည်

- ❒ အစိုးရနှင့်ပြည်သူ ကြည်ဖြူစွာပူးပေါင်းဆောင်ရွက်နိုင်မှုသည် နိုင်ငံတော်အတွက် အလွန်အရေးပါ၊
- ❒ ဘဏ္ဍာငွေအမြောက်အမြားကျခံသုံးစွဲပြီး ကျေးလက်နှင့် နယ်စပ်ဒေသနေ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အလေးပေးဆောင်ရွက်ခဲ့၊
- ❒ ယခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများတွင် မိခင်လောင်းများအတွက် သံဓာတ်ဆေးပြား ဖြန့်ဝေပေးမည်။
- ❒ ငါးနှစ်အောက်ကလေးများအတွက် အာဟာရပြည့်ဝမျှတသည့် အစားအစာများ ပြင်ဆင်ချက်ပြုတ်ခြင်းပြိုင်ပွဲများ ထည့်သွင်းဆောင်ရွက်သွားမည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၂

၂၀၀၄ခုနှစ် စက်တင်ဘာ ၂ရက်တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၅၉)နှစ်မြောက် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

စားသုံးစေမှု၊ အာဟာရပညာပေးမှုဆိုသည့် နည်းလမ်းအမျိုးမျိုးကို ယှဉ်တွဲပြီး ကျန်းမာရေးကဏ္ဍဆိုင်ရာ တာဝန်ရှိသူများက အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ကာကွယ်ပေးနိုင်

ဗီတာမင်အေချို့တဲ့မှုသည် တစ်ချိန်က ဖွံ့ဖြိုးဆဲနိုင်ငံအများအပြားတွင် ကလေးသူငယ်များ မျက်စိကွယ်ရသည့် အဓိကအကြောင်းအရင်းတစ်ရပ် ဖြစ်ခဲ့သလို ဗီတာမင်အေချို့တဲ့မှုကြောင့် မျက်စိကွယ်ရသည့် ကလေးများသည်လည်း တစ်နှစ်၊ နှစ်နှစ်အတွင်းမှာပင် အကြောင်းအမျိုးမျိုးဖြင့် အသက်ဆုံးရှုံးခဲ့ကြရသည်ကို လေ့လာတွေ့ရှိရသည့်အတွက် ဗီတာမင်အေဆေးလုံး တိုက်ကျွေးမှုကို ကမ္ဘာ့နိုင်ငံအများက စနစ်တကျကျင့်သုံး ဆောင်ရွက်ခဲ့ကြကြောင်း၊ ထို့ကြောင့် ယခုဆိုလျှင် ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်ထောင်ပေါင်းများစွာသော ကလေးသူငယ်များကို မျက်စိကွယ်သည့် အန္တရာယ်၊ အသက်သေဆုံးရသည့် အန္တရာယ်များက ကာကွယ်ပေးနိုင်နေပြီ ဖြစ်သည်ကို တွေ့ရကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံအနေဖြင့်လည်း ကလေးသူငယ်များ ဗီတာမင်အေချို့တဲ့မှုအန္တရာယ်က ကာကွယ်တားဆီးရေး၊ ကူးစက်ရောဂါအမျိုးမျိုးကို ခုခံတိုက်ခိုက်နိုင်သည့် စွမ်းအားမြင့်မားလာစေပြီး ကလေးသူငယ် ရောဂါဖြစ်နှုန်း၊ သေဆုံးနှုန်းများ ကျဆင်းလာစေရေးတို့ကို ရည်မှန်းပြီး တစ်နိုင်ငံလုံးမှာရှိသည့် ခြောက်လမှ ငါးနှစ်အောက်ကလေးငယ်များကို ခြောက်လတစ်ကြိမ် အင်အားပြည့် ဗီတာမင်အေဆေးလုံး တိုက်ကျွေးမှုများကို စနစ်တကျစီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

အင်အားပြည့်ဗီတာမင်အေဆေးလုံး တိုက်ကျွေးမှုများကို ယခုကဲ့သို့ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများဖြင့် တစ်နိုင်ငံလုံးတစ်ပြိုင်တည်း ဖြန့်ကြက်ဆောင်ရွက်မှုများ၊ အမျိုးသားကာကွယ်ဆေးတိုက်နေ့များတွင် ပိုလီယိုကာကွယ်ဆေးများနှင့် ပူးတွဲတိုက်ကျွေးမှုများကို စနစ်တကျဆောင်

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာနအဆောက်အအုံ ညော်ကြိုခန်းမ၌ ခင်းကျင်းပြသထားသော အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ရွက်ခဲ့ခြင်းကြောင့် လွှမ်းခြုံမှုရာခိုင်နှုန်းပြည့်နီးပါး ရရှိဖြစ်ထွန်းနေပြီလည်း ဖြစ်ကြောင်း။

ဆက်လက်ဆောင်ရွက်

ထို့ကြောင့် ယခုအခါတွင် မြန်မာနိုင်ငံတော်အတွင်း ဗီတာမင်အေချို့တဲ့မှုကြောင့် မျက်စိကွယ်ရသည့် ကလေးများ မရှိတော့သလောက်ရှားပါးသွားပြီဖြစ်ကြောင်း၊ သို့ရာတွင် ငါးနှစ်အောက်ကလေးသေဆုံးမှုနှုန်းကျဆင်းရေးကို အထောက်အကူပြုသည့် လုပ်ငန်းတစ်ရပ်အနေဖြင့် ဗီတာမင်အေ ဆေးလုံးတိုက်ကျွေးခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နေရဦးမှာဖြစ်ကြောင်း။

တစ်ချိန်က လည်ပင်းကြီးရောဂါဟု လူသိများခဲ့သော အိုင်အိုဒင်းချို့တဲ့မှုရောဂါတားဆီးကာကွယ်ရေးအတွက်လည်း မြန်မာနိုင်ငံသားအားလုံး အိုင်အိုဒင်းဆား စားသုံးနိုင်စေရန် ခိုင်မာသော သန္နိဋ္ဌာန်ဖြင့် စနစ်တကျစီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုဆိုလျှင် တစ်နိုင်ငံလုံးတွင် အိုင်အိုဒင်းဆား စားသုံးနေသည့် အိမ်ထောင်စုရာခိုင်နှုန်းမှာ ၈၆ရာခိုင်နှုန်းထိ ရရှိဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

အရှိန်အဟုန်မြှင့်

အိုင်အိုဒင်းဆား စားသုံးမှုမြင့်မားလာသည်နှင့်အမျှ လည်ပင်းကြီးရောဂါဖြစ်ပွားမှုမှာလည်း သိသိသာသာ လျော့နည်းကျဆင်းလာပြီဖြစ်သည့်အတွက် ၂၀၀၅ခုနှစ်တွင် အိုင်အိုဒင်းချို့တဲ့မှုကို မြန်မာနိုင်ငံ၌ ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်က လုံးဝပပျောက်သွားရေးဆိုသည့် ရည်မှန်းချက်ပန်းတိုင်သည် လက်တစ်ကမ်းအကွာတွင် ရောက်ရှိနေပြီဟု ပြောနိုင်ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် အောင်မြင်မှုကို ရေရှည်ထိန်းသိမ်းမြှင့်တင်သွားနိုင်စေရန် လိုအပ်သော အစီအမံများကို အရှိန်အဟုန်မြှင့်ပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တာဝန်ရှိသူများကို မှာကြားလိုကြောင်း။

အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ယှဉ်တွဲပြီး အာဟာရပညာပေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရန်လိုအပ်မှာဖြစ်ကြောင်း၊ မိဘများအနေဖြင့်ဗီတာမင်အေဆေးလုံးများ၏အကျိုး အာနိသင်ကို သိရှိနားလည်ပြီး မိမိတို့၏ကလေးများကို တိုက်ကျွေးချင်လာအောင် အာဟာရပညာဖြန့်ဖြူးပေးမှုများ၊ အိုင်အိုဒင်းချို့တဲ့မှု၏ အန္တရာယ်နှင့် အိုင်အိုဒင်းဆား စားသုံးခြင်း၏ အကျိုးကျေးဇူးရလဒ်များကို ပြည်သူများသိရှိနားလည်ပြီး စံချိန်မီသည့် အိုင်အိုဒင်းဆားကို ရွေးချယ်စားသုံး လာအောင်အာဟာရ ပညာဖြန့်ဖြူးပေးမှုများ၊ ပြည်သူများအကြားတွင် ကျန်းမာရေးကို အထောက်အကူပြုသည့် နေထိုင်စားသောက်မှုပုံသဏ္ဌာန်နှင့် အလေ့အထများထွန်းကားလာအောင် အာဟာရပညာဖြန့်ဖြူးမှုများ ဆက်လက်ဆောင်ရွက်ကြဖို့ လိုအပ်ကြောင်း။

ဆက်လက်ဖြန့်ဖြူး

မလိုအပ်ဘဲအစားရှောင်သည့်အတွက် အာဟာရချို့တဲ့မှုများဖြစ်နိုင်ပုံ၊ အာဟာရဓာတ်များ စုံစုံလင်လင်မျှမျှတတရရှိအောင် အစာအုပ်စုအမျိုးမျိုးမှ အစားအစာများကိုရွေးချယ်စားသုံးရန်လိုအပ်ပုံ၊ အာဟာရလွန်ကဲမှု မဖြစ်အောင် ဆင်ဆင်ခြင်ခြင်စားသုံးတတ်ရန် အရေးကြီးပုံအစရှိသည့် အာဟာရဗဟုသုတများကို အရှိန်အဟုန်မြှင့်ပြီးဆက်လက် ဖြန့်ဖြူးဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

လူ့အဖွဲ့အစည်းတစ်ခုအတွင်းတွင် အာဟာရချို့တဲ့မှု၊ အာဟာရလွန်ကဲမှုများဖြစ်ပွားခြင်းသည် ထိုလူ့အဖွဲ့အစည်း၏စီးပွားရေး၊ လူမှုရေးအခြေအနေများအပေါ် အရင်းခံနေသည်ကို တွေ့နိုင်ကြောင်း၊ ကလေးများ၏ အာဟာရအခြေအနေသည်မိခင်များ၏ပညာရေးနှင့်အာဟာရဗဟုသုတကြွယ်ဝမှု၊ ကလေးကိုအစားအသောက်ကျွေးမွေးပုံဓလေ့နှင့်အမူအကျင့်များ၊ ပတ်ဝန်းကျင်သန့်ရှင်းမှုအခြေအနေ၊ ရောဂါဘယဖြစ်ပွားမှုစသည့် နောက်ခံအကြောင်းအရင်းများစွာအပေါ်တွင် တည်မှီနေသည်ကိုတွေ့ရကြောင်း။

ပေါင်းစပ်ဆောင်ရွက်

ထို့ကြောင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ကာကွယ်ဆေးထိုး၊ ဆေးတိုက်လုပ်ငန်းများ၊ ရောဂါနှိမ်နင်းရေးလုပ်ငန်းများ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ၊ မိခင်နှင့်ကလေး ကျန်းမာရေးလုပ်ငန်းများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ၊ ကျန်းမာရေးပညာပေးလုပ်ငန်းများနှင့် ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်နေသည်ကိုတွေ့မြင်နိုင်ကြောင်း။

မြန်မာနိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့တို့၏ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီအာဟာရ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းနှင့် ဒေသပြင်ပမှ အဖွဲ့ဝင်နိုင်ငံများနှင့် ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၀၃ခုနှစ်တွင် ပြုလုပ်ခဲ့သည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုတွင် နိုင်ငံတော်အစိုးရဌာနများ၊ စေတနာ့ဝန်ထမ်းလူမှုရေးအဖွဲ့အစည်းများ၏ ပံ့ပိုးဆောင်ရွက်မှု၊ ပြည်သူတစ်ရပ်လုံး၏ တက်ကြွစွာ ပူးပေါင်းပါဝင်မှုတို့ကြောင့် ထူးခြားသော အောင်မြင်မှုများကို ရရှိခဲ့ကြောင်း၊ ပြည်သူလူထုကြားတွင် အိုင်အိုဒင်းချို့တဲ့မှု၏ အန္တရာယ်၊ အိုင်အိုဒင်းဆား စားသုံးခြင်း၏ အကျိုးကျေးဇူးရလဒ်များနှင့် ပတ်သက်ပြီး မှန်ကန်သည့် ဗဟုသုတနှင့် အမူအကျင့်များ တိုးတက်ဖြစ်ထွန်းလာသည်ကို ဆန်းစစ်တွေ့ရှိခဲ့ကြောင်း၊ ကလေးများကို ဗီတာမင်အေဆေးလုံးတိုက်ကျွေးခြင်း လွှမ်းခြုံမှု၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများ သံဓာတ်ဆေးပြားသောက်သုံးနိုင်မှုအခြေအနေများ တိုးတက်လာသည်ကိုလည်း သုံးသပ်တွေ့ရှိခဲ့ရကြောင်း။

များစွာအထောက်အကူပြု

ယခုကဲ့သို့ ရရှိဖြစ်ထွန်းနေသည့် အကျိုးရလဒ်ကောင်းများသည် ယခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုများအောင်မြင်စေရေး၊ လာမည့် ၂၀၀၅ခုနှစ်တွင် အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေး ရည်မှန်းချက်အောင်မြင်ပြည့်မြောက်ရေးနှင့် ဗီတာမင်အေဆေးလုံး တိုက်ကျွေးခြင်းလွှမ်းခြုံမှု ဆက်လက်မြင့်မားနေရေးတို့အတွက် များစွာအထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ထားကြောင်း၊ ထို့အပြင် ယခုနှစ်အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုများတွင် မိခင်လောင်းများအတွက် သံဓာတ်ဆေးပြားဖြန့်ဝေပေးခြင်းနှင့် ငါးနှစ်အောက်ကလေးများအတွက် အာဟာရပြည့်ဝမျှတသည့် အစားအစာများ ပြင်ဆင်ချက်ပြုတ်ခြင်းပြိုင်ပွဲများ ထည့်သွင်းဆောင်ရွက်သွားမှာဖြစ်သည့်အတွက် "ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်များ"(Millennium Development Goals) တွင် ပါဝင်သည့် ငါးနှစ်အောက်ကလေး အာဟာရချို့တဲ့မှုနှုန်းကျဆင်းရေးနှင့် မိခင်သေဆုံးမှုနှုန်းကျဆင်းရေး ကြိုးပမ်းမှုများကို များစွာအထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ထားပြီးဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကျေးလက်နေပြည်သူများနှင့် အစွန်အဖျားနယ်စပ်ဒေသက ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုနှင့် အသိပညာပေးမှုများကို အလေးပေးဆောင်ရွက်ရန် လိုအပ်နေခြင်းကြောင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို စနစ်တကျစီမံချက်များ ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဘဏ္ဍာငွေအမြောက်အမြားကျခံသုံးစွဲပြီး ကျေးလက်နှင့်အစွန်အဖျား နယ်စပ်ဒေသနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အလေးပေးဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယခုဆိုလျှင် မိခင်နှင့်ကလေးငယ်များ သေဆုံးမှုနှုန်းမှာ သိသာထင်ရှားစွာ ကျဆင်းလျက်ရှိနေပြီဖြစ်သည်ကိုလည်း တွေ့ရှိနေရကြောင်း။

သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက်လည်း နိုင်ငံတော်အစိုးရနှင့် စေတနာရှင်ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်ပေးမှုကြောင့် ရေရှားပါး ခက်ခဲသောဒေသများ၊ ကျေးလက်အစွန်အဖျားဒေသများမှာပါ သန့်ရှင်းသော သောက်သုံးရေများရရှိနေကြပြီလည်းဖြစ်ကြောင်း။

တိုးတက်ဖြစ်ထွန်း

ရိက္ခာဝမ်းစာမဖူလုံသေးသည့် ဒေသများတွင် ရိက္ခာဖူလုံမှုရှိလာစေရအောင် ဆည်မြောင်းတာတမံများ တည်ဆောက်ပေးကာ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေရရှိရေးဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် နွေမိုးဆောင်းတစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်နေကြပြီဖြစ်ကြောင်း၊ တစ်နှစ်ပတ်လုံးစိုက်ပျိုးရေရရှိနေခြင်းကြောင့် စပါးနှင့်အခြားသီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ကြပြီး ရိက္ခာဝမ်းစာဖူလုံမှု ရာခိုင်နှုန်းများ တိုးတက်ဖြစ်ထွန်းလျက်ရှိနေပြီလည်းဖြစ်ကြောင်း။

ယခုကဲ့သို့ တိုးတက်ဖြစ်ထွန်းလာခြင်းမှာ နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူများ၊ ကုလသမဂ္ဂအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၊ စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့်လည်း ဖြစ်ကြောင်း၊ အထူးသဖြင့် အစိုးရနှင့် ပြည်သူကြည်ဖြူစွာပူးပေါင်းဆောင်ရွက်မှုသည် နိုင်ငံတော်အတွက် အလွန်အရေးပါလှသည်ကို ထင်ရှားစေလျက်ရှိကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ မြန်မာနိုင်ငံသူ နိုင်ငံသားများ အထူးသဖြင့် မိခင်များနှင့် ကလေးသူငယ်များ၏ အာဟာရအခြေအနေ မြှင့်တင် ရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် တက်ကြွထက်မြက်စွာ ပါဝင်ကြိုးပမ်းဆောင်ရွက်နေကြသည့် နိုင်ငံတော်အစိုးရဌာနများ၊ ကူညီပံ့ပိုးပေးကြသည့် စေတနာ့ဝန်ထမ်းလူမှုရေးအဖွဲ့အစည်းများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့နှင့် အခြားသော ကုလသမဂ္ဂအဖွဲ့အစည်းများ၊ တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်းနှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ကာလမှ စတင်သည့် အာဟာရပြည့်စုံ လုံလောက်သောကမ္ဘာကြီးအဖြစ် အမြန်ဆုံးဖြစ်ထွန်းပါစေဟု ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

အထိမ်းအမှတ်ပြခန်းကြည့်ရှု

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော် များသည် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ ဧည့်ကြိုခန်းမ၌ ခင်းကျင်းပြသထားသော အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် အသက်ငါးနှစ်အောက် ကလေးငယ်များအား ဗီတာမင်အေဆေးလုံး တိုက်ကျွေးကြပြီး ကိုယ်ဝန်ဆောင်မိခင်လောင်းများအား သံဓာတ်ဆေးပြားများ ဝေငှကြသည်။

(သတင်းစဉ်)

အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖွင့်ပွဲအခမ်းအနားတွင် အသက်ငါးနှစ်အောက် ကလေးငယ်များအား ဗီတာမင်အေဆေးလုံး တိုက်ကျွေးစဉ်။ (သတင်းစဉ်)

ဗုဒ္ဓမြတ်စွာသာသနာ

မောင်ပိုင်

"တစ်နေ့သောအခါ
ကမ္ဘာကို သာသနာလွှမ်းလိမ့်မည်"

ဓမ္မာစရိယ ဦးဌေးလှိုင်၏ **'ကမ္ဘာကို ချုပ်ကိုင်မည့်သူ'** စာအုပ်တွင် ဖတ်ရှုမှတ်သားခဲ့ရသည်။

ပြင်သစ်နိုင်ငံ ပါရီမြို့တော်၌ 'ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး' တည်ထောင်ရန် 'ဆန္ဒာဓိပတိ'ဖြင့် အမိမြန်မာနိုင်ငံသို့ ခေတ္တပြန်ရောက်နေသော အရှင်နန္ဒသီရိအား ဖူးမြော်ကြည်ညိုခွင့်ရစဉ်တွင် အထက်ပါ စာတမ်းကို သတိရကာ အရှင် နန္ဒသီရိ တည်ထောင်မည့် 'ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး' အတွက် ဖရဏာပီတိ ဂွမ်းဆီထိသည့်နှယ် ဖြစ်မိပါတော့သည်။

အရှင်နန္ဒသီရိသည် 'ဗုဒ္ဓဝိပဿနာကျင့်စဉ်ဖြင့် မြန်မာကို ကမ္ဘာကသိစေရမည်'၊ 'ငါတို့ဗုဒ္ဓသာသနာ အနောက်ကမ္ဘာမှာ ဝေဆာပြန့်ပွားစေရမည်' ဟူသော သန္နိဋ္ဌာန်ဖြင့် ပြင်သစ်နိုင်ငံပါရီမြို့ကို အခြေပြုလျက် ထေရဝါဒဗုဒ္ဓသာသနာပြု လုပ်ငန်းများကို ရွက်ဆောင်တော်မူလျက်ရှိသည့် မြန်မာရဟန်းတော်တစ်ပါး ဖြစ်သည်။

မြတ်ဗုဒ္ဓကိုယ်တိုင် မိမိသိရှိခံစားပြီးဖြစ်သော ကိလေသာကင်းဝေး အမြိုက်ဆေးတရားမြတ် ဩသဓကို သတ္တဝါတို့အား တိုက်ကျွေးတော်မူရန် ဝေးဝေးနီးနီး ဂရုမထား၊ ခရီးကြမ်း၊ ခရီးခဲမမှု၊ သတ္တဝါတို့၏ အကျိုးကိုရှေးရှုတော်မူလျက် တစ်ကိုယ်တည်းပင်ဖြစ်စေကာမူ ဒေသစာရီကြွချီတော်မူခဲ့သည်။ တပည့်သာဝကတို့အားလည်း တစ်ကြောင်းတည်းသောခရီး၌ အဖော်မပါ တစ်ကိုယ်တည်း သွားရောက် သာသနာပြုရန် ညွှန်ကြားတော်မူခဲ့သည်။ ပညာကိုမဏ္ဍိုင်ပြု၍ အဖော်ကို အားမကိုး၊ ကိုယ့်အကျိုးကိုမငဲ့ကွက်၊ ထက်မြက်သည့် ဝီရိယအားဖြင့် တရားကို ဖြန့်ဝေစေခြင်းပင်ဖြစ်သည်။

ပြင်သစ်နိုင်ငံ ပါရီမြို့တော်သည် ကမ္ဘာ့အလှဆုံးမြို့တော်ကြီးအဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်သော မြို့တော်ကြီးဖြစ်သည်။ ဥရောပတိုက်၏ ဗဟိုချက်မဟုဆိုနိုင်သကဲ့သို့ ဥရောပအဝေးပြေးလမ်းမကြီးများ ဆုံစည်းရာ၊ ဥရောပတစ်တိုက်လုံးသို့ ဆက်သွယ်သွားလာနိုင်ရာ မြို့တော်ကြီးလည်းဖြစ်သည်။ ရုပ်ဝတ္ထုပိုင်းတွင် အလျှံပယ်ဖွံ့ဖြိုးနေ သော ပါရီမြို့တော်၌ ကိလေသာ ကင်းဝေးအမြိုက်ဆေး ဖြစ်တော်မူသော မြတ်ဗုဒ္ဓ၏ မြွက်ဟထုတ်ဖော် တရားမြတ်ကို ဆည်းပူးလေ့လာအားထုတ်နိုင်သော ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်ထွန်းလာတော့မည်မှာ ကြာမျိုးငါးပါးတို့ဖြင့် ရနံ့ထုံသင်း အေးမြကြည်လင် သန့်ရှင်းသော ရေကန်ကြီးပေါ်ထွန်းလာသကဲ့သို့ပင် ဖြစ်ပေသည်။

ထေရဝါဒဗုဒ္ဓဘာသာ နိုင်ငံများတွင် မြန်မာနိုင်ငံသည် ဦးဆောင်နိုင်ငံအဖြစ် ကမ္ဘာကလက်ခံထားသည်။ မြတ်ဗုဒ္ဓ၏ ဓမ္မရတနာအစုံလင်ဆုံး၊ သံဃာတော်များ၏ အရေအတွက်နှင့် အရည်အချင်း များပြားအပြည့်စုံဆုံး၊ သာသနိက အဆောက်အအုံ အပေါများဆုံး၊ တရားတော်ကို လိုက်နာကျင့်သုံးမှုအများဆုံး၊ နိုင်ငံတော်အစိုးရနှင့်ပြည်သူတို့၏ ပူဇော်ချီးမြှောက်မှုအကောင်းဆုံးနိုင်ငံ ဖြစ်သည်။

ထို့ကြောင့် ပြင်သစ်နိုင်ငံ ပါရီမြို့တွင် တည်ထောင်မည့် ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်ပေါ်လာရေးတွင် မြန်မာနိုင်ငံက ဦးဆောင်ဦးရွက်ပြု လှူဒါန်းပူဇော် ချီးမြှောက်ကြဦးမည်မှာ မလွဲပေ။

လက်ရှိအခြေအနေတွင် ပြင်သစ်နိုင်ငံ၌ ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယားမှဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်း၊ ထိုင်းမှဘုန်းတော်ကြီးကျောင်း နှစ်ကျောင်း၊ ဗီယက်နမ်မှ ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်း၊ လာအိုမှ ဘုန်းတော်ကြီးကျောင်းခုနစ်ကျောင်းနှင့် သီရိလင်္ကာမှ ဘုန်းတော်ကြီးကျောင်း လေးကျောင်းစသည်ဖြင့် အသီးသီးရှိနေကြပြီးဖြစ်သည်ဟု သိရသည်။ ထို့ကြောင့် ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး တည်ထောင်ရန် စတင် ပျိုးထောင်တော်မူပေးသော အရှင်နန္ဒသီရိအား မြန်မာနိုင်ငံသူ နိုင်ငံသားများ ကိုယ်စား ကျေးဇူးတင်မဆုံး ရှိတော့သည်။

ထို ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး တည်ထောင်ရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော်ဘဒ္ဒန္တကုမာရက ဩဝါဒါစရိယဆရာတော်အဖြစ်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနဝန်ကြီးဦးသန်းအောင်က နာယကအဖြစ်လည်းကောင်း၊ ပြင်သစ်နိုင်ငံ ပါရီမြို့တော်၌ ထေရဝါဒဗုဒ္ဓသာသနာပြုတော်မူနေသော အရှင်နန္ဒသီရိက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝဏ္ဏမောင်လွင်က ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း အသီးသီးတာဝန်ယူဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ ထေရဝါဒဗုဒ္ဓသာသနာတော်၏ အနှစ်ဝိပဿနာ တရားစစ်တရားမှန်ကို ဥရောပတစ်ခွင် ထွန်းကားပြန့်ပွားစေရန်၊ ပညာ ထက်မြက်သော မြန်မာရဟန်းတော်ငယ်များ ပြင်သစ်နိုင်ငံ၌ သီတင်းသုံးနေထိုင်ပြီး ပြင်သစ်စာပေနှင့် ယဉ်ကျေးမှု များကို သင်ယူခွင့်ရရှိစေကာ တတ်ကျွမ်းလာသော ပြင်သစ်ဘာသာကို အသုံးချ၍ ဥရောပတစ်ခွင် လှည့်လည်သာသနာပြု ဆောင်ရွက်နိုင်စေရန်ဟူသော ရည်ရွယ်ချက်များ ထားရှိဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထေရဝါဒဗုဒ္ဓဘာသာ နိုင်ငံများတွင် မြန်မာနိုင်ငံသည် ဦးဆောင်နိုင်ငံအဖြစ် ကမ္ဘာက လက်ခံထားသည်။ မြတ်ဗုဒ္ဓ၏ ဓမ္မရတနာ အစုံလင်ဆုံး၊ သံဃာတော်များ၏ အရေအတွက်နှင့် အရည်အချင်း များပြား အပြည့်စုံဆုံး၊ သာသနိက အဆောက်အအုံ အပေါများဆုံး၊ တရားတော်ကို လိုက်နာကျင့်သုံးမှုအများဆုံး၊ နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့၏ ပူဇော်ချီးမြှောက်မှုအကောင်းဆုံး နိုင်ငံဖြစ်သည်။

မြန်မာကျောင်းတော်ကြီးအတွက် ပြည်တွင်းပြည်ပတို့မှ အလှူတော်ငွေများ ပါဝင်ခွင့်ရရှိစေရန် ရန်ကုန်မြို့၌ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အောင်ကြည်ထံသို့လည်းကောင်း၊ မန္တလေးမြို့၌ အမှတ် ၁၂၆၊ လမ်း၈၀ (၁၃x၁၄)လမ်းကြားရှိ ဆရာကြီးဦးဟန်ထွန်း (ဥက္ကဋ္ဌ ပရိယတ္တိသာသနာ့ဟိတအသင်းကြီး) ဖုန်း-၀၂-၆၄၃၅၉ထံသို့ လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြသည့်အပြင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ နီးစပ်ရာ ဆက်သွယ်လှူဒါန်းနိုင်မည့် ပုဂ္ဂိုလ်၊ လိပ်စာ၊ ဖုန်းနံပါတ်တို့ကိုပါ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

ကျောင်းလှူရခြင်း၏ အကျိုးကို မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီးက လင်္ကာသွယ်ခဲ့သည်မှာ-

၁။ နတ်နှင့်လူဝယ် သန္တေတွယ်၍

၂။ လိုဖွယ်မတ ဆောက်ဦးရ၏။

၃။ မထကြက်သီး ကိုယ်လည်းမလှုပ်
ကြောက်ရုပ်မထင် ထိတ်လန့်စဉ်၏။

၄။ ခြသေ့်သစ်ကျား သားရဲများနှင့်
ဖမ်းစားကလူ နှိပ်စက်မူသား
တောသူ ဖုတ်ပြိတ် အဆိပ်ထန်ပြင်း
မြွေနှင့်ကင်းက အဆင်းဖောက်ပြန်
ကုမ္ဘဏ် ရက္ခိုက် နတ်မိုက်ရန်ပေါင်း
ဘေးလွတ်ရှောင်း၏။

၅။ မကောင်းအိပ်မက် မမြင်မက်ဘူး။

၆။ ထင်လျက်သတိ မြဲခိုင်ဘိ၍
ဝိပရိကံ ဖောက်ပြန်စိတ်ရင်း
ရူးသွပ်ခြင်းမှ ရှင်းရှင်းလွတ်ကြောင်း
ကျိုးဆက်ကောင်း၏။

၇။ နောက်နှောင်းဘဝ ပစ္ဆိမဝယ်
ဂုဏကဲပို အရဟတ္တဖိုလ်ဟု
ထိုထိုကျေးဇူး လွန်ပြန့်ပြူးသည်
ဆောက်ဦးလှူကျိုး ခုနစ်တည်း . . . ဟူ၍ဖြစ်၏။

အကျိုးကောင်းကိုပြ၍ အကြောင်းကောင်းအောင် ပြုစေလိုသည်မှာ သူတော်ကောင်းတို့၏ ပြုရိုးပင်ဖြစ်သည်။ မြတ်ဗုဒ္ဓသည် သူတော်ကောင်းအကျင့်တို့ကို လမ်းညွှန်ပြသတော်မူခဲ့သည်။ သူတော်ကောင်းတို့မည်သည် ကောင်းမှုကိုလိုလားပြုကျင့်ကြ၏။

သူတော်ကောင်းဓာတ်တရားမြတ် လွှမ်းပတ်ကမ္ဘာတည်တော့မည်။ ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါနေသို့ လင်းတော့မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကာယ၊ ဉာဏနှင့် အာဟာရ

ယုဝတီခင်ဦး

"ကြီးကြီးမေရေ၊ အာဟာရဓာတ်တွေအကြောင်း သိချင်လိုက်တာ၊ အရေးကြီးတဲ့ အချက်ကလေးတွေ ပြောပြပေးပါဦး"ဟုဆိုကာ အဝါရောင် ချည်ပိုးဖျော့ထဘီအချိတ်ဆင်နှင့် အင်္ကျီအဝါဖျော့ကလေးဝတ်ပြီး ခေါင်းလျှော်ပြီးစ ဆံပင်ကို ကျောတွင်ဖြန့်ဝဲလျက် ရွှေဝါရောင်လိပ်ပြာလေး တောင်ပံခတ်ကာ မြူးပျံလာသလို တူမလေးနွယ်နီသည် ရှေ့မှောက်သို့ ရောက်လာသည်။

"ပြောမယ်နွယ်နီရေ၊ အာဟာရနေ့ ရက်သတ္တပတ်မှာ ဒီမေးခွန်းနဲ့ အကိုက်ပဲ"

ကျွန်မတို့ တူဝရီးနှစ်ဦး ရုပ်မြင်သံကြားကြည့်သည့် ဧည့်ခန်းတွင် ထိုင်မိကြသည်။

"နိုင်ငံ တစ်နိုင်ငံမှာ ကျန်းမာမှုနဲ့ အာဟာရပြည့်ဝမှုဟာ လူ့စွမ်းအားရဲ့ အဓိက အရင်းအနှီးကြီးတစ်ခုပဲ နွယ်နီ။ အစာအုပ်စု သုံးစုမှာ အင်အားဖြစ်ပွားစေတဲ့ အစားအစာတွေကတော့-

- အင်အားဖြစ်စေတဲ့အစားအစာ၊
- ခန္ဓာကိုယ်ကြီးထွားစေတဲ့အစားအစာ၊
- ရောဂါကာကွယ်စေတဲ့ အစားအစာတွေဖြစ်သလို အရေးအကြီးဆုံး အာဟာရဓာတ်တွေပဲ။ အင်အားဖြစ်ထွန်းတဲ့ အစားအစာမှာ ကစီဓာတ်ပါတဲ့ အစားအစာနဲ့ အဆီရယ်လို့ နှစ်မျိုးပါဝင်တယ်။ ဥပမာ-ဆန်၊ ဂျုံ၊ ပြောင်း၊ အာလူး၊ သကြား၊ ကန်စွန်းဥ၊ ပျားရည်၊ ထန်းလျက်တို့က ခန္ဓာကိုယ်လှုပ်ရှားမှုနဲ့ ခန္ဓာကိုယ်ထဲမှ အသွေးအသားသစ်တွေ တည်ဆောက်ပေးတယ်လေ"

"အဆီဓာတ်က ခန္ဓာကိုယ်အတွင်းမှာ လောင်စာအဖြစ် အင်အားဖြစ်စေတယ်။ **အဆီဓာတ်က ကစီဓာတ်ထက် အင်အားပိုများတယ်၊ အဆီဓာတ်ကို လိုတာထက်ပိုစားရင် အဝလွန်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချို ရောဂါ၊ လေးဖက်နာရောဂါတို့ ဖြစ်လာနိုင်တယ်"**

ဆိုဖာပေါ်တွင် ကိုယ်ကလေးမှီထိုင်ကာ လိမ္မော်သီး နွှာ၍ စားနေသော နွယ်နီက-

"အဆီဓာတ်တွေအကြောင်း ပြောပြပါဦးကြီးမေ"ဟု ထပ်၍ မေးလာပြန်သည်။

"ဆီတွေကတော့ နှမ်းဆီ၊ ပဲဆီ၊ နေကြာဆီ၊ ဟင်းသီးဟင်းရွက်ဆီ၊ အုန်းဆီ၊ တိရစ္ဆာန်ကရတဲ့အဆီ၊ ငါးအဆီနဲ့ သဘာဝဆီ မဟုတ်ဘဲ လူတွေတီထွင်ထားတဲ့ အဆီဆိုပြီး ရှိတယ်"

"ဆီတွေများများစားရင် ကိုလက်စထရောတွေ ခန္ဓာကိုယ်ထဲမှာ တက်၊ အဆီတွေပိတ်ဆို့ပြီး နှလုံးရောဂါတို့၊ ဘာတို့ ဖြစ်စေတယ်မဟုတ်လား ကြီးကြီးမေ"

"ဟုတ်တယ်သမီး၊ အာဟာရဖြစ်စေပြီး ကျန်းမာစေတဲ့ သစ်ပင်ကရတဲ့ အဆီ၊ သစ်သီးသစ်စေ့ကရတဲ့ အဆီ၊ နေကြာဆီ၊ ပြောင်းဖူးဆီ၊ နှမ်းဆီ၊ ပဲဆီတို့နဲ့ ဟင်းချက်တဲ့ အခါလဲ ဆီအသင့်အတင့်ပဲ ထည့်ရမယ်။ ဆီတွေအများကြီး မထည့်နဲ့ပေါ့။ တိရစ္ဆာန်အဆီဆိုရင် ဝက်ဆီတို့၊ ဘဲ၊ ကြက်အဆီ၊ နို့ထွက်ပစ္စည်းကထွက်တဲ့ အဆီတွေက အန္တရာယ်များတယ်လေ။။ အိုမီဂါ-၃၊ အိုမီဂါ-၆၊ အိုမီဂါ-၉ လို့ခေါ်တဲ့ နှလုံးရောဂါတို့၊ အဆီပိတ်ရောဂါတို့ ကို လျော့နည်းစေတဲ့ ဓာတ်တွေကိုတော့ ငါးအဆီနဲ့ သစ်ပင်ဆီတို့ကရတယ်။ ငါးအဆီက သွေးတိုးရောဂါတို့၊ တခြား အန္တရာယ်ပေးတဲ့ လေဖြတ်တာတို့၊ အူရစ်နာတို့၊ ကင်ဆာ ရောဂါအချို့နဲ့ စိတ်ဓာတ်ကျရောဂါတို့ကိုပါ လျော့နည်းစေတယ်ကွယ့်"

"အသားဓာတ်လို့ခေါ်တဲ့ ခန္ဓာကိုယ်ကြီးထွားစေတဲ့ ပရိုတင်းဓာတ်အကြောင်းလဲ ပြောပြပေးပါဦး"

"အသားဓာတ်မှာလဲ တိရစ္ဆာန်ကရတဲ့ အသားဓာတ်နဲ့၊ နို့ထွက်ပစ္စည်း၊ ကြက်ဥ၊ ဘဲဥနဲ့ ပဲအမျိုးမျိုး၊ ပဲပုပ်၊ ပဲပြုတ်၊ ပဲပင်ပေါက်၊ ဂျုံပင်ပေါက်တို့ကလဲ သက်သတ်လွတ် အသားဓာတ်ပဲ။ အရွက်စိမ်းစိမ်း ဟင်းသီးဟင်းရွက်တွေထဲမှ ဘီတာကယ်ရိုတင်း (B-Carotene) တွေ အများကြီးရှိတယ်။ အသားဓာတ်တင် မကဘူး၊ ဗီတာမင်ဘီတို့၊ ဗီတာမင်အေတို့၊ ဗီတာမင်အီးတို့ပါဝင်ကြသေးတယ်။ သုတေသနပြုချက်အရ ဗီတာမင်အီးဟာ Alzhemier လို့ခေါ်တဲ့ ဦးနှောက်မှတ်ဉာဏ်ချို့ယွင်းတာကို ကာကွယ်ပေးတယ်ဆိုပဲ"

"ကြီးကြီးမေရေ၊ ဗီတာမင်သက်စောင့်ဓာတ်တွေကလဲ တကယ် အဖိုးတန်တာပဲနော်။ အသီးအနှံနဲ့ ဟင်းသီးဟင်းရွက်တွေရဲ့ စွမ်းအားစုလေးတွေ၊ အာနိသင်လေးတွေ ပြောပြပါဦး"

"အတိုချုံး ပြောရမယ်ဆိုရင် ပန်းသီးဟာ အဆုတ်ကင်ဆာ၊ နှလုံးရောဂါ၊ ပန်းနာ၊ ဆီးချိုရောဂါ မဖြစ်စေဘူးတဲ့။ ဟင်းထဲထည့်ချက်တဲ့ ချင်း(ဂျင်း)ကလဲ ကင်ဆာဖြစ်စေတဲ့ သဘာဝတွေကို ကာကွယ်တယ်။ နိုင်ငံတော်က အားပေးစိုက်ပျိုးနေတဲ့ မက္ကဒေးမီးယားအစေ့တို့၊ သစ်ကြားစေ့တို့က ကိုလက်စထရော၊ နှလုံးရောဂါနဲ့ ဆီးချိုရောဂါ မဖြစ်အောင် ကာကွယ်တယ်။ အဲဒီလိုပဲ ကြက်သွန်နီကလဲ အဆုတ်ကင်ဆာတို့၊ နှလုံးရောဂါတို့၊ ပန်းနာတို့၊ ဆီးချို၊ သွေးချိုတို့ မဖြစ်အောင် ကာကွယ်ပေးတယ်လို့ သိရတယ်။ လိမ္မော်သီးကလဲ ကျန်းမာရေးအတွက် အင်မတန်အကျိုးရှိတယ်တဲ့။ ပဲပုပ်ကတော့ အရိုးပွတာတို့၊ နှလုံးရောဂါတို့၊ ဆီးကင်ဆာ၊ ဆီးကျိတ်၊ စိတ်ကျရောဂါတွေ မဖြစ်အောင် ကောင်းစွာကာကွယ်ပေးတယ်လို့ သိရပါတယ်။ ပြီးတော့ ဟင်းနုနယ်ကို အထင်မသေးနဲ့နော်၊ နှလုံး၊ အဆုတ်၊ အာရုံကြော၊ ဦးနှောက်ကို အကာအကွယ်ပေးတယ်။ လက်ဖက်ခြောက်စိမ်းကလဲ ကင်ဆာရောဂါ၊ လေဖြတ်တာတို့မဖြစ်အောင် ကာကွယ်တာပဲ။ ခရမ်းချဉ်သီးကလဲ နှလုံးရောဂါ၊ ဆီးကျိတ်ရောဂါ၊ ကင်ဆာရောဂါတို့ကို တိုက်ဖျက်ပေးတယ်။ မုန်လာဥနီနဲ့ ဝါတဲ့အသီးအနှံတွေကတော့ မျက်စိရောဂါ၊ နှလုံးရောဂါ၊ အဆုတ်ရောဂါတွေ မဖြစ်အောင် ကာကွယ်ပေးပြီး ဘရိုကိုလီခေါ်တဲ့ ဂေါ်ဖီပန်းပွင့်စိမ်းကတော့ ကင်ဆာရောဂါမဖြစ်စေဘူး၊ နှလုံးရောဂါနဲ့ လေဖြတ်တာတွေ မဖြစ်အောင် ကာကွယ်ပေးတယ်တဲ့ သမီးရေ..."

"တကယ်အဖိုးတန်တယ်နော်၊ ဒါတွေကြောင့် ဒီအသီးအရွက်၊ သစ်သီးဝလံတွေကို သက်စောင့်ဓာတ်လို့ ခေါ်တာလား ကြီးကြီးမေ"

"ဟုတ်တယ်သမီး၊ ဆေးဖက်ဝင်တဲ့ အာဟာရဓာတ်တွေပါဝင်တဲ့ အစားအစာတွေကို တစ်ခုတည်းချည်း ဖိစားလို့မရဘူး။ အင်အားဓာတ်၊ ကြီးထွားဓာတ်၊ အသားဓာတ်၊ သက်စောင့်ဓာတ်နဲ့ အဆီဓာတ်တွေအားလုံးကို မျှမျှတတ စားရမယ်နော်။ ဒါမှ လူချွန်လူကောင်း၊ လူတော်လူကောင်းတွေဖြစ်ပြီး နိုင်ငံတော်ရဲ့ သားကောင်း သမီးကောင်း ရတနာတွေ ဖြစ်လာမှာပေါ့။ ပြီးတော့ ကြီးမေပြောတဲ့ အာဟာရဓာတ်အကြောင်းလေးကိုလဲ သမီးသူငယ်ချင်း တွေကို ဆင့်ပွားပညာပေးလိုက်ဦးနော်"

ကာယ၊ ဉာဏ၊ အာဟာရ
ခန္ဓာကိုယ် စွမ်းအားပြ
ပညာရဖို့ ဦးနှောက်တွင်
ခွန်အား အပြည့်ပင်။
စိတ်ဘဝင်၊ ကြည်လင်အေး
ထာဝစဉ် ကျန်းမာရေး။ ။

ဆေးဖက်ဝင်တဲ့ အာဟာရဓာတ်တွေပါဝင်တဲ့ အစားအစာတွေကို တစ်ခုတည်းချည်း ဖိစားလို့ မရဘူး။ အင်အားဓာတ်၊ ကြီးထွားဓာတ်၊ အသားဓာတ်၊ သက်စောင့်ဓာတ်နဲ့ အဆီဓာတ်တွေ အားလုံးကို မျှမျှတတစားရမယ်။

ပေးအပ်ချီးမြှင့်

ဩဂုတ် ၃၁ ရက်က ရန်ကုန် အရှေ့ပိုင်းခရိုင် ဒွါဒသမအကြိမ် (၁၂ကြိမ်)မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲဖွင့်ပွဲတွင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့က သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

(ရန်ကုန်တိုင်း)



ပြင်သစ်နိုင်ငံ ပါရီ၌ ဘုန်းတော်ကြီးကျောင်းဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁

ပြင်သစ်ဆရာတော် ကျွန်းနံ့သာ အရှင်နန္ဒသီရိဦးစီး၍ ပြင်သစ်နိုင်ငံ ပါရီမြို့၌ ဘုန်းတော်ကြီးကျောင်းဆောက်လုပ်ရန်အတွက် တတိယအကြိမ်အလှူငွေပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၇ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာမေ့သဘင်၌ကျင်းပမည်ဖြစ်ရာ အဆိုပါ အခမ်းအနားသို့ ယခင်လှူဒါန်းပြီး အလှူရှင်များနှင့် ထပ်မံလှူဒါန်းလိုသူများ သဒ္ဓါကြည်ညိုစွာဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● **ကျောဖုံးမှ**

နှင့် ငြိမ်းချမ်းရေးနှင့် ဘုံကြီးပွားချမ်းသာရေးကို ရှေးရှုသော မဟာဗျူဟာမြောက် ပေါင်းဖော်ဖက်အား ပုံဖော်ဆောင်ရန်ဆန္ဒရှိကြောင်း၊ ထို့ပြင် အာဆီယံချစ်ကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကိုရှေးရှုသော မဟာဗျူဟာမြောက် ပေါင်းဖော်ဖက်ကိုလည်း ပုံဖော်ဆောင်လိုကြောင်း မစ္စတာလီက ပြောကြားသည်။

လူထုဆက်သွယ်ရေး၏အခန်းကဏ္ဍသည် အပြန်အလှန်နားလည်သဘောပေါက်မှုနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုတွင် အရေးကြီးသောအခန်းကဏ္ဍမှဆောင်ရွက်နေကြောင်း၊ လူထုဆက်သွယ်ရေးသည် တရုတ်နှင့်အာဆီယံနိုင်ငံများ ၎င်းတို့၏ မဟာဗျူဟာပေါင်းဖော်ဖက်အတွက်ပေါင်းကူးတံတားများဖြစ်လာမည်ဟု မိမိမျှော်လင့်ကြောင်း မစ္စတာလီက ပြောကြားသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

တရုတ်-အာဆီယံလူထုဆက်သွယ်ရေးဆွေးနွေးပွဲမှ မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့နှင့် ပေကျင်းမြို့တို့၌ ဩဂုတ်၂၆ရက်မှ ၃၁ရက်အထိကျင်းပသည့် **"ဒုတိယအကြိမ် တရုတ်-အာဆီယံ လူထုဆက်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုဆွေးနွေးပွဲ"** (2nd China-ASEAN Seminar on Mass Media Cooperation)သို့တက်ရောက်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး စိုးဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁၂နာရီ၄၅မိနစ်တွင် တရုတ် ပြည်သူ့သမ္မတနိုင်ငံမှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။ **(ယာပုံ)**

ကြိုဆိုနှုတ်ဆက်

မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ညွှန်ကြားရေးမှူး(သတင်း) ဦးဝင်းတင်၊ ညွှန်ကြားရေးမှူး(စီမံ)ဦးစိုးဝင်း၊ မြန်မာ့အလင်းသတင်းစာတိုက်မှ စာတည်းမှူးချုပ် ဦးရဲမြင့်ဖေ၊ ဒုတိယညွှန်ကြားရေးမှူး(သတင်း)ဦးဆွေသန့်ကို၊ ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးမြလှိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာကိုယ်စားလှယ်အဖွဲ့ ဝင်များ၏ မိသားစုများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး စိုးဝင်းနှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ အဖွဲ့ဝင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက် စာတည်းမှူးချုပ် ဦးမောင်မောင်အေးနှင့် အဖွဲ့အတွင်းရေးမှူး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား လက်ထောက်ညွှန်ကြားရေးမှူး(အစီအစဉ်) ဦးရဲထွန်းတို့လည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

နိုင်ငံအဝန်းကျေးရွာစာကြည့်တိုက်များပေါ်ထွန်းရေး စာအုပ်၊စာစောင်များဝိုင်းဝန်းကူညီလှူဒါန်းကြမည်

ရန်ကုန် စက်တင်ဘာ ၁

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်များဖွင့်လှစ်ရေး ညှိနှိုင်းအစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲအခမ်းအနား(ဒုတိယအကြိမ်)ကို စက်တင်ဘာ ၇ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပုဂ္ဂလိကစာပေတိုက်များ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ ရုပ်ပြကာတွန်းတိုက်များနှင့် စာအုပ်စာပေဖြန့်ချိရေးလုပ်ငန်းတို့မှ ပုဂ္ဂိုလ်များ ပါဝင် တက်ရောက်ပြီး စာအုပ်၊ စာစောင်များပေးအပ်လှူဒါန်းကြမည်ဖြစ်သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး တက်ရောက်၍ စာအုပ်စာစောင်များနှင့် စာပေဒါနငွေပဒေသာပင်များကိုလက်ခံမည်ဖြစ်ရာ ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်များအတွက် ပါဝင်လှူဒါန်းလိုကြသည့် စေတနာရှင်၊အလှူရှင်များအနေဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနပြန်/ဆက်ဌာနခွဲ ဖုန်း-၀၁-၂၅၂၄၅၇၊ ၂၅၂၄၅၈၊ ၀၁-၃၇၁၃၃၉၊ ၀၁-၃၇၉၇၆၉၊၀၁-၃၇၉၇၇၁နှင့်၀၁-၂၅၂၄၅၁သို့ ဆက်သွယ်စုံစမ်း တက်ရောက်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

စာပေဒါန

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များနှင့် စာပေဒါနငွေပဒေသာပင်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်-

နေ့ရက် - ၇-၉-၂၀၀၄ (အင်္ဂါနေ့)
အချိန် - မွန်းလွဲ (၂)နာရီ
နေရာ - ပြန်ကြားရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ

စာပေဒါနပြုလိုကြသော စေတနာရှင်၊အလှူရှင်များ အချိန်မီတက်ရောက်လှူဒါန်းနိုင်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
၂၂-၂၄၊ ပန်းဆိုးတန်းလမ်း၊ရန်ကုန်မြို့။
ဖုန်း-၃၇၁၃၃၉၊ ၃၇၉၇၆၉၊ ၃၇၉၇၇၁၊ ၂၅၂၄၅၁။

ခုနစ်ရက်သတင်းဂျာနယ် အတွဲ(၃)၊အမှတ်(၂၄)ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁

မြန်မာ့ပုလဲများ ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်ရန် စီစဉ်နေ၊ တနင်္သာရီတွင် ပုစွန်ကန်ငါးရာ ဖော်ထုတ်ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များကို လွှဲပြောင်းလုပ်ကိုင်စေမည်၊ အင်းတကော် မြန်မာ-တရုတ် ရော်ဘာပျိုးခင်းစီမံကိန်းအတွက် တရုတ်နိုင်ငံက ယွမ်တစ်သိန်းခွဲဖိုးခန့်ရှိ စက်ပစ္စည်းများကူညီ၊ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်နှင့် တွေ့ဆုံခြင်း စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ထွက်ရှိလာသည်။

အနီအောက် ရောင်ခြည်သုံး ညကြည့်စနစ် ဟွန်ဒါကားများတွင် တပ်ဆင်မည်၊ အသက်သုံးဆယ်ကျော် ဆေးလိပ်သုံးစွဲသူများ နှလုံးကိုငါးဆထိခိုက်နိုင်၊ မိုက်ကီးမောက်စ်မာရသွန်ကြွက် မျိုးဗီဇပြုပြင်နည်းဖြင့် ဖန်တီးနိုင်ပြီ၊ဆရာဝန်အတော်များများ စိတ်ပန်းကိုယ်ပန်းဖြစ်တတ် စသည့် နိုင်ငံတကာရေးရာ သတင်းဆောင်းပါးဝေဝေဆာဆာဖြင့် e-Empire Media House ဖုန်း- ၇၀၃၈၁၃ က ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၂-၉-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ မင်းကွန်းဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိမော်ကွန်း (ဒုတိယဆယ်စုနှစ်) (အပိုင်း-၁)
- ၈:၀၀ ၆။ သံသာချိုအေးမင်္ဂလာတေး
- ၈:၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၂၀ ၈။ အကပဒေသာ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let's Go

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
- ၁၇:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၁၇:၃၀ ၇။ မြန်မာစာ မြန်မာစကား
- ၁၇:၄၅ ၈။ **"မပြောမပြီး မတီးမမြည်"** နေရဲလင်း၊ မောင်မောင်မြင့်၊ ရှင်ဖုန်း၊ အိမ့်ချယ်၊ မိုးဇော်၊ ခိုင်ဆုသွယ် (ဒါရိုက်တာ-မောင်မောင်မြင့်)
- ၁၈:၀၅ ၉။ တေးဂီတအစီအစဉ်
- ၁၈:၁၅ ၁၀။ နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၁၈:၃၀ ၁၁။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လူချွန်လူကောင်း"** (အပိုင်း-၇)
- ၁၉:၃၅ ၁၄။ တေးဂီတအစီအစဉ်
- ၁၉:၄၅ ၁၅။ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံအတွက် ကြိုတင်ပြင်ဆင်မှုများ
- ၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ မြန်မာဗီဒီယိုဇာတ်လမ်း **"ချစ်ခြင်းတရား၏ဆန္ဒအတိုင်း"** (အပိုင်း-၁) ပိုင်ဇေရဲထွန်း၊ မျိုးသန္တာထွန်း၊ လှအဥ္ဇလီတင့် (ဒါရိုက်တာ-ဇော်မြင့်ဦး)

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- ✻ သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
- ✻ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
- ✻ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
- ✻ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။

အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ဂုဏ်ပြုငွေလှူဒါန်း ဝန်ကြီးဗိုလ်ချုပ်စိန်ထွားလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ရန်ကုန် စက်တင်ဘာ ၁

၂၀၀၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင်ကျင်းပမည့် **"အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့"** ကို ဂုဏ်ပြုသောအားဖြင့် ပရဟိတဘိုးဘွားရိပ်သာ ၄၁ ခုနှင့် လူငယ်သင်တန်းကျောင်းငါးကျောင်းတို့သို့ ငွေလှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန(ရုံးချုပ်)အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း၊ ၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ ကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘိုးသန်းနှင့်တာဝန်ရှိသူများ၊ ပရဟိတဘိုးဘွားရိပ်သာများမှ အုပ်ချုပ်ရေးမှူးများ၊ တာဝန်ခံများ၊ အလှူရှင်မိသားစုများ တက်ရောက်ကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

အခမ်းအနားတွင် အလှူရှင်ဦးသိန်းရွှေ၊ ဒေါ်လှအေးမိသားစုကိုယ်စား ပဲခူးတိုင်း သုံးဆယ်မြို့နေ သားဖြစ်သူ သီဟသုဓမ္မမဏိဇောတဓရ သီရိသုဓမ္မမဏိဇောတဓရ ဦးခင်မြင့်က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပရဟိတဘိုးဘွားရိပ်သာ ၄၁ ခုသို့ အလှူငွေကျပ် ၄၁ သိန်းနှင့် လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ လူငယ်သင်တန်းကျောင်း ငါးကျောင်းသို့ အလှူငွေကျပ် ၁၀ သိန်း စုစုပေါင်း အလှူငွေကျပ် ၅၁ သိန်းကို ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား **(အပေါ်ပုံ)** က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင် စကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကဗျာခရီးသည်

* နူးညံ့သောခါ၊ နှိုင်းမဲ့ကွာအောင်
ကဗျာဟူသည်၊ ပန်းဝတ်ရည်သို့
ချိုသည်မွှေးသည် အေးမြသည်တည့်။

* ထက်မြက်သောခါ၊ ဘက်မရာအောင်
ကဗျာဟူငြား၊ လှံနှင့်ဓားထက်
ခွန်အားလည်းရှိ၊ စွမ်းအင်ပြည့်၏။

* ကမ္ဘာပေါ်မှာ
နေရာဒေသ၊ ကွာခြားကြလည်း
ကဗျာ့ခွန်အား၊ စွမ်းပကားကို
လူသားတိုင်းပင်၊ သိမှတ်မြင်၏
ယဉ်ကျေးမှုအစစ်၊ လူ့အနှစ်ဟု
ချစ်မြတ်နိုးကြ၊ ဂုဏ်ယူကြလျက်
အာရှအရှေ့တောင်၊ ဂုဏ်မြှင့်ဆောင်သည့်
ညီနောင်ရင်းဖွား၊ မလေးရှားဝယ်
"လူသားနှင့်ကဗျာ၊ ဖတ်ပွဲမှာလျှင်"
ကဗျာငှက်များ ဆုံကြပြီ။

* စာဆိုပေါင်းသော်၊ ငါးဆယ်ကျော်၏
နိုင်ငံပေါင်းသော်၊ သုံးဆယ်ကျော်၏
ပြုံးပျော်ရွှင်ပျ၊ ဖတ်ရွတ်ကြသည့်
ကမ္ဘာ့ရှေ့နောက်၊ တောင်နှင့်မြောက်မှ
ရောက်ရှိဆင်နွဲ၊ ပီတိကဲသည်
ငြိမ့်သဲ စည်ဝေလှတကား။

* သူတို့နိုင်ငံ၊ သူတို့ဟန်နှင့်
သူ့မာန်သူ့အလှ၊ ဖော်ကျူးပြသို့
ငါတို့နိုင်ငံ၊ ငါတို့မာန်နှင့်
ကိုယ့်ဟန် ကိုယ့်အလှ၊ ကိုယ်ဖော်ပြခဲ့
အလှချင်းဆိုင်၊ ပြိုင်ဖို့မတွေး
ချစ်ကြည်ရေးပင်
သူ့တေးကဗျာ၌၊ ကိုယ်နှစ်ခြိုက်သို့
ကိုယ့်တေးကဗျာ၌၊ သူနှစ်ခြိုက်၏
စရိုက်ဘာသာ၊ စံထုံးကွာလည်း
ကဗျာစေတမန်၊ ငှက်များပျံ၍
နိုင်ငံချင်းချင်း၊ မေတ္တာနှင်းကာ
ရင်းနှီးစေအောင်၊ ချစ်ကြိုးနှောင်ခဲ့
လရောင်အောက်မှာ၊ ပွင့်သော ကြာနှယ်
ကဗျာချစ်ပန်း၊ မွှေးထုံလန်းသည်
ငြိမ်းချမ်းကမ္ဘာ သာစေသော်...။ ။

(၁၆-၈-၂၀၀၄ မှ ၂၂-၈-၂၀၀၄ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပခဲ့သော နိုင်ငံတကာကဗျာဖတ်ပွဲ World Poetry Reading သို့ အမှတ်တရ)။

မြင်းမူမောင်နိုင်မိုး

တကောင်းမှ ပျူ့အထောက်အထားများထပ်မံတွေ့ရှိ

ရန်ကုန် စက်တင်ဘာ ၁

သာသနာဝင်ကျမ်းများ၊ မြန်မာရာဇဝင်ကျမ်းများ၊ မြန်မာစာပေသမိုင်းမော်ကွန်းမှတ်တမ်း၊ ချေင်းများနှင့် ရှေးဟောင်းသုတေသနတူးဖော်တွေ့ရှိမှုအထောက်အထားများကိုအခြေခံလျက် ၂၀၀၃ ခုနှစ်မှစ၍ တကောင်းဒေသတွင် သုတေသနပြု စူးစမ်းလေ့လာမှုနှင့် တူးဖော်ရှာဖွေမှုလုပ်ငန်းများကို ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန ဦးစီးဌာန ဝန်ထမ်းများနှင့် သုတေသီများပူးပေါင်းလျက် ဖိဖိစီးစီးဆောင်ရွက်ခဲ့ရာ ဩဂုတ်လအတွင်းက တကောင်းမြို့ အထကကျောင်း အရှေ့တောင်ထောင့်တွင် ကျင်းအမှတ်(၁)နှင့်(၂)တို့ကိုတူးဖော်ခဲ့ရာ အမှတ်(၁)ကျင်းမှ ပျူ့အရိုးအိုးနှင့် ရေတကောင်း ၂၃ လုံးကိုလည်းကောင်း၊ အမှတ်(၂)ကျင်းမှ ပျူ့အရိုးအိုးနှင့် ရေတကောင်း ၁၂ လုံးကိုလည်းကောင်း တစုတဝေးတည်း တွေ့ရှိခဲ့ရသည်။ ထိုသို့တွေ့ရှိတူးဖော်ရရှိခြင်းမျိုး ယခင်က တစ်ကြိမ်မျှ ကြုံကြိုက်ခဲ့ဖူးခြင်းမရှိဟု သိရသည်။ **(၁၉-၈-၂၀၀၄ ရက်ထုတ် မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာများတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။)**

ထပ်မံတူးဖော်ရရှိ

ထိုတွေ့ရှိမှုများကိုအခြေခံ၍ မူလကျင်းမှအရှေ့နှင့်မြောက်ဘက်နေရာများသို့ ရှေးဟောင်းသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)မှ ဒုတိယညွှန်ကြားရေးမှူးဦးအေးမောင်၊ ဦးဇင်းဦးပဏ္ဍိတနန္ဒ(ဦးမင်းဟန်)၊ တမ္ပဝတီဦးဝင်းမောင်၊ ဦးတင်ဝင်းဦးနှင့် ထိန်းသိမ်းရေးမှူးဦးအေးလွင်တို့က ဆက်လက်တူးဖော်ရာ ကျင်းအမှတ်(၃)မှ ပျူ့အရိုးအိုးနှင့် ရေတကောင်း ၂၁လုံးကိုလည်းကောင်း၊ ကျင်းအမှတ်(၄)မှ ပျူ့အရိုးအိုးနှင့် ရေတကောင်းရှစ်လုံးတို့ကိုလည်းကောင်း ထပ်မံတူးဖော်ရရှိရာ တွေ့ရှိရသောပျူ့အရိုးအိုးနှင့် ရေတကောင်းစုစုပေါင်းသည် ၆၄ အိုးရှိသည်။ ကျင်းအမှတ်(၃)မှ ပျူ့အရိုးအိုးများ၏အောက်တွင် လက်စင်းရာပါသော အုတ်အချို့ကိုလည်းတွေ့ရှိရသည်။



သမိုင်းအထောက်အထားများ

ဤအထောက်အထားများအရ တကောင်းဒေသသည် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာစသော ပျူ့ရှေးဟောင်း မြို့တော်ကြီးများကဲ့သို့ ရှေးဦး ပျူတိုင်းရင်းသားများ၏ ယဉ်ကျေးမှုထွန်းကားရာ ဒေသကြီးဖြစ်ကြောင်း အတည်ပြု လက်ခံနိုင်သည်။ ယခုတွေ့ရှိမှုများသည် သုတေသနပညာရှင်များအတွက် အလွန်တန်ဖိုးကြီးမားသောသမိုင်းအထောက်အထားများဖြစ်သည်။

(သတင်းစဉ်)



ရှေးဟောင်းတကောင်းမြို့တော်မှ ထပ်မံတွေ့ရှိရသော ပျူ့အရိုးအိုးများနှင့် ရေတကောင်းအချို့ကို တွေ့ရစဉ်။ (ယဉ်ကျေးမှု)

သုတေသနပြု

တစုတဝေး တွေ့ရှိရသော ပျူ့အရိုးအိုးများနှင့် ရေတကောင်းများကို သုတေသီများ စုပေါင်း သုတေသနပြုကြစဉ်။

(ယဉ်ကျေးမှု)

ရှေးဟောင်း တကောင်းမြို့တော်မှ ပျူ့အရိုးအိုးနှင့်ရေတကောင်း စုစုပေါင်း ၆၄ လုံးကို တစုတဝေးတည်း တူးဖော်ရရှိစဉ်။

(ယဉ်ကျေးမှု)

ဆုဖလားချီးမြှင့်

သတ္တမအကြိမ် ဝန်ကြီးဌာန ပေါင်းစုံ ဂျူဒိုပြိုင်ပွဲ အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲ ပထမရရှိသွားသော အမှတ်(၁) စက်မှုဝန်ကြီးဌာန အသင်းအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ပထမဆုဖလားချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

သတ္တမအကြိမ်ဝန်ကြီးဌာနပေါင်းစုံဂျူဒိုပြိုင်ပွဲ စွယ်စုံဆုဖလားသစ်တောရေးရာဝန်ကြီးဌာနရရှိ

ရန်ကုန် စက်တင်ဘာ ၁

မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ကကြီးမှူးကျင်းပသည့် သတ္တမအကြိမ် ဝန်ကြီးဌာနပေါင်းစုံ ဂျူဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေ ၃နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်အားပေးပြီး ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်

အနုတ် ၄၅ကီလိုတန်း အမျိုးသမီး ပြိုင်ပွဲတွင် ပထမ နွယ်နွယ်သန်း (စက်မှု-၁)၊ ဒုတိယ ဇင်မာထွန်း (စက်မှု-၁)၊ ပူးတွဲတတိယ သူဇာငြိမ်း (သစ်တော)၊ အေးမာလာ(လယ်/ဆည်)တို့ရရှိပြီး ဆုများကို မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင် နာယကအဖွဲ့ဝင် ဒေါ်ရွှေသက်က ပေးအပ်ချီးမြှင့်သည်။

အနုတ် ၄၈ကီလိုတန်း အမျိုးသမီး ပြိုင်ပွဲတွင် ပထမ အေးအေးအောင် (သစ်တော)၊ ဒုတိယ သီရိမင်းအောင် (ရထား)၊ ပူးတွဲတတိယ ဟေမာထွန်း (စက်မှု-၁)နှင့် ဆဲလ်ဝီး(စက်မှု-၁)တို့ ရရှိပြီး ဆုများကို မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ကြူကြူ က ပေးအပ်ချီးမြှင့်သည်။

၄၅-၅၀ ကီလိုတန်း အမျိုးသား ပြိုင်ပွဲတွင် ပထမ ဂုံဆွမ့်ခွာလ် (သစ်တော)၊ ဒုတိယ ဇင်မင်းထွဋ်(စက်မှု-၁)၊ ပူးတွဲ တတိယ မျိုးထွန်းအောင် (သစ်တော)နှင့် စိုးဝင်း(သစ်တော)တို့ ရရှိရာ ဆုများကို အားကစားနှင့်ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ပေးအပ်ချီးမြှင့်သည်။

၅၀-၅၅ကီလိုတန်း အမျိုးသား ပြိုင်ပွဲတွင် ပထမ အောင်ထွန်းကျော် (သစ်တော)၊ ဒုတိယ စောမိုင်းစံ (သစ်တော)၊ ပူးတွဲတတိယ ကျော်စွာဝင်း(စက်မှု-၁)နှင့် ထွန်းထွန်းနိုင် (ကာကွယ်ရေးဝန်ကြီးဌာန)တို့ရရှိရာ ဆုများကို အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဥာဏ်ထွန်းက ပေးအပ်ချီးမြှင့်သည်။

၅၅-၆၀ကီလိုတန်း အမျိုးသား ပြိုင်ပွဲတွင် ပထမ တပ်ကြပ်သန်းစိုးဝင်း (ကာကွယ်ရေးဝန်ကြီးဌာန)၊ ဒုတိယ ကျော်စိုးနိုင်(စက်မှု-၁)၊ ပူးတွဲတတိယ ညီညီ(စက်မှု-၁)နှင့် စိုင်းမျိုးမင်းထွန်း (စက်မှု-၂)တို့ ရရှိပြီး ဆုများကို အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဇော်က ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ အမျိုးသား အကောင်းဆုံးအားကစားသမားဆုများကိုပေးအပ်ချီးမြှင့်ရာ (ခ)တန်းပြိုင်ပွဲ အကောင်းဆုံးဆုကို အနုတ် ကီလို၆၀ တန်းမှ အောင်ကျော်လင်း(အား/ကာ)ကလည်းကောင်း၊ (က)တန်း အကောင်းဆုံးဆုကို အနုတ် ကီလို၈၀ တန်းမှ ဇင်လင်းအောင်(လယ်/ဆည်)တို့ရရှိကြရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပေးအပ်ချီးမြှင့်သည်။

အမျိုးသမီး အကောင်းဆုံးအားကစားသမားဆု (ခ)တန်းပြိုင်ပွဲ အကောင်းဆုံးအားကစားသမားဆုကို အနုတ်ကီလို၄၀ တန်းမှ အေးအေးမိုး (သစ်တော)ကလည်းကောင်း၊(က)တန်း ကောင်းဆုံးအားကစားသမားဆုကို အနုတ်ကီလို၇၀တန်းမှ လေးကလျာအောင်(ရထား)က ရရှိသွားရာ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင် ဒေါ်အေးအေးက ပေးအပ်ချီးမြှင့်သည်။

ဆုဖလားချီးမြှင့်

အမျိုးသား အမျိုးသမီးတတိယ ဆုကို ရွှေသုံးခု၊ ငွေငါးခု၊ ကြေးလေးခုဖြင့်(အား/ကာ)က လည်းကောင်း၊ ဒုတိယဆုကို ရွှေရှစ်ခု၊ ငွေငါးခု၊ ကြေးရှစ်ခုဖြင့် ယမန်နှစ်ချန်ပီယံ (စက်မှု-၁)ကလည်းကောင်းရရှိကြရာ ဆုများကို မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးလှသောင်းမြင့်က ပေးအပ်ချီးမြှင့်သည်။

အမျိုးသား အမျိုးသမီးစွယ်စုံ ဒိုင်းဆုကြီးကို ရွှေ ၁၀ခု၊ ငွေ ခြောက်ခု၊ ကြေး ၁၁ ခုဖြင့်(သစ်တောရေးရာ)က လည်းကောင်း၊ အမျိုးသားအသင်းလိုက်ပထမဆုကို ရွှေခုနစ်ခု၊ ငွေငါးခု၊ ကြေးခုနစ်ခုရသစ်တောရေးရာ ဝန်ကြီးဌာနကလည်းကောင်း၊ အမျိုးသမီး အသင်းလိုက်ပထမဆုကို ရွှေခြောက်ခု၊ ငွေနှစ်ခု၊ ကြေးသုံးခုရ အမှတ်(၁)စက်မှုဝန်ကြီးဌာနက ရရှိသွားရာ ဆုများကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဆုဖလားများ ပေးအပ်ချီးမြှင့်သည်။

(မြန်မာ့အလင်း)

အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလားဘီလိယက်ပြိုင်ပွဲ မန္တလေးမြို့တွင်ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁

မြန်မာနိုင်ငံ ဘီလိယက်နှင့်စနူကာအဖွဲ့ချုပ်ကကြီးမှူး၍ မျိုးဆက်သစ်ဘီလိယက် အားကစားသမားများပေါ်ထွန်းလာရန်နှင့် နိုင်ငံကိုယ်စားပြု ဘီလိယက် ရွက်ပုန်းသီးအားကစားသမားများ ပေါ်ထွန်းလာရန် ရည်ရွယ်၍ ပထမအကြိမ် အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အကြီးတန်းနှင့် အငယ်တန်း ဘီလိယက်ပြိုင်ပွဲများကို ၂၀၀၄ခုနှစ် အောက်တိုဘာ ၁ရက်မှစတင်ပြီး မန္တလေးမြို့ ၇၈လမ်း၊ ၃၀ x ၃၁ လမ်းကြား ဘူတာကြီးရှေ့ရှိ Fantasy Worldတွင် စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အသက်(၁၄)နှစ်နှင့်အောက် နိုင်ငံတကာလူငယ်တင်းနစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် လူရွေးပွဲယှဉ်ပြိုင်

ရန်ကုန် စက်တင်ဘာ ၁

အသက်(၁၄)နှစ်နှင့်အောက် နိုင်ငံတကာလူငယ်တင်းနစ်ပြိုင်ပွဲကို ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ စက်တင်ဘာ ၂၁ ရက်မှ ၂၅ ရက် အထိလည်းကောင်း၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ အောက်တိုဘာ ၅ ရက်မှ ၁၀ ရက်အထိလည်းကောင်း အသီးသီးကျင်းပမည်ဖြစ်ရာ အဆိုပါ နိုင်ငံတကာ လူငယ်တင်းနစ် ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ဆန်ခါတင်အဆင့် မြန်မာလူငယ်တင်းနစ်လက်ရွေးစင်လူရွေးပွဲကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ကျင်းပရာ အမျိုးသား အမျိုးသမီး လူငယ်တင်းနစ်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါလူရွေးပွဲကို ယနေ့နံနက်မှစ၍ စက်တင်ဘာ ၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဆန်ခါတင်အဆင့် လက်ရွေးစင်အမျိုးသားသုံးဦးနှင့် အမျိုးသမီးနှစ်ဦးရွေးချယ်က မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ စခန်းသွင်း လေ့ကျင့်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့နှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် အသက်(၁၄)နှစ်နှင့်အောက် နိုင်ငံတကာလူငယ်တင်းနစ်ပြိုင်ပွဲအတွက် လူရွေးပွဲကို သိမ်ဖြူတင်းနစ်ကွင်းတွင် ကျင်းပစဉ်။ (သတင်းစဉ်)

ကမ္ဘာတစ်လွှား အားကစား

ဆွီဒင်တိုက်စစ်မှူး ဇာလတန်အီဘရာဟီမိုဗစ်၏ ဘောလုံးကစားဟန်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

၂၀၀၄ဘောလုံးရာသီစပြီဖြစ်သော်လည်း ဘောလုံးသမားများ အပြောင်းအရွှေ့ရှိဆဲ

မီလန် စက်တင်ဘာ ၁

ဆွီဒင်တိုက်စစ်မှူး ဇာလတန်အီဘရာဟီမိုဗစ်သည် ယူရိုငွေ ၁၆ သန်းဖြင့် ဒတ်ချ်ချန်ပီယံ အေဂျက်စ်အမ်စတာဒမ်မှ ဂျူဗင်းတပ်အသင်းသို့ ရောင်းချလိုက်ပြီဖြစ်သည်။

လေးနှစ်ကစားရန်စာချုပ်

အဆိုပါဘောလုံးသမားသည် ဂျူဗင်းတပ်နှင့်လေးနှစ်စာချုပ်ဖြင့် ကစားရန် လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း ဂျူဗင်းတပ်အသင်းက အင်္ဂါနေ့က ပြောကြားသည်။

အသက် ၂၂နှစ်အရွယ်ရှိ အဆိုပါ ဘောလုံးသမားသည် ၂၀၀၁ခုနှစ်က အေဂျက်စ်အသင်းသို့ ရောက်ရှိလာပြီး ၇၄ ပွဲတွင် ၃၅ ဂိုး သွင်းပေးခဲ့သူဖြစ်သည်။

အီဘရာဟီမိုဗစ်သည် ပြင်သစ်မှ ဒေးဗစ်ထရက်ဇီဂေးနှင့် အီတလီမှ အလက်ဆန်ဒရိုဒယ်လ်ပီရိုတို့နှင့်အတူ ဂျူဗင်းတပ်တွင် ကစားရမည်ဖြစ်သည်။

ဂျပန်ကွင်းလယ်ကစားသမားဂျွန်နီချိအီနာမိုတိုသည် ဂမ်ဘာအိုဆာကာမှ အင်္ဂလိပ်ပရီမီယာလိဂ်အသင်းဖြစ်သော ဝက်စ်ဘရွန်းအသင်းနှင့် စာချုပ်လိုက်ပြီဖြစ်သည်။

အသက် ၂၄နှစ်အရွယ်ရှိ အဆိုပါ ဘောလုံးသမားသည် ဖူဟမ်အသင်းတွင် နှစ်နှစ်အတွက်စာချုပ် မကြာသေးမီက ကုန်ဆုံးခဲ့သည်။

မာဆေးလ်တိုက်စစ်မှူးပြောင်းမည်

ပြင်သစ်နိုင်ငံ အိုလံပစ်မာဆေးလ်အသင်း တိုက်စစ်မှူး အာမက်ဟိုစ်ဆမ်မီဒိုသည် အေအက်စ်ရိုးမားအသင်းသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း အဆိုပါကလပ်မှ အင်္ဂါနေ့က ပြောကြားသည်။

အဆိုပါဘောလုံးသမား၏ ပြောင်းရွှေ့စရိတ်နှင့် ကန်ထရိုက်သက်တမ်းကို ထုတ်ဖော်ပြောကြားခြင်းမရှိချေ။

အသက် ၂၁နှစ်အရွယ်ရှိ အီဂျစ်လက်ရွေးစင် အဆိုပါဘောလုံးသမားသည် အေဂျက်စ်နှင့်ဆယ်လ်တာဗီဂိုတို့တွင် ကစားခဲ့ပြီးနောက် ပြီးခဲ့သောနှစ်က လီဂါ၀မ်းသို့ ရောက်ရှိလာသူဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

နယူးကာဆယ်မန်နေဂျာ ရှုံးပွဲများဆက်နေ၍ ရာထူးမှထုတ်ပယ်ခံရ

နယူးကာဆယ် ဩဂုတ် ၃၁

နယူးကာဆယ်အသင်း မန်နေဂျာ ဘော်ဘီရော့ဘ်ဆင်သည် တနင်္လာနေ့မှစပြီး ငါးနှစ်တာစာချုပ်ကုန်ဆုံးချိန် မတိုင်မီ ရာထူးမှ နုတ်ထွက်သွားပြီဖြစ်သည်။

ရာထူးမှထုတ်ပယ်

နယူးကာဆယ်အသင်းက အသက် ၇၁ နှစ်အရွယ်ရှိ အဆိုပါ မန်နေဂျာအား ယခုနှစ် ပရီမီးယားလိဂ်တွင် လေးပွဲကစားရာတွင် နိုင်ပွဲမရှိဘဲ စနေနေ့က အက်စတွန်ဗီလာအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ပြီးနောက် ရာထူးမှ ထုတ်ပယ်လိုက်ခြင်းဖြစ်သည်။

အဆိုပါနေ့က နယူးကာဆယ် အသင်းခေါင်းဆောင် အလန်ရှီးယားမှာလည်း ဝင်ရောက်ကစားခဲ့ခြင်း မပြုဘဲ အရန်ခုံတွင်သာ ထိုင်နေခဲ့ရသည်။ အင်္ဂလန်နောက်တန်းလူ ဂျိုနသန်ဝုဒ်ဂိတ်အား စပိန် ရီးယဲမက်ဒရစ်သို့ ရောင်းချလိုက်ပြီဖြစ်သည်။ အင်္ဂလန်ကွင်းလယ်ကစားသမား ကီရွန်ဒိုင်ယာက နယူးကာဆယ်တွင် ကစားရန် ငြင်းဆန်လျက်ရှိသည်။ ဝေလတိုက်စစ်မှူး ခရိန့်ချ်ဘယ်လ်လာမီသည်လည်း အသင်းမှနုတ်ထွက်ရန် ခြိမ်းခြောက်လျက်ရှိသည်။

နယူးကာဆယ်အသင်းခေါင်းဆောင် အလန်ရှီးယားသည် လာမည့်ပွဲများတွင် မန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်ရန် ရေပန်းစားမှုများ ဖြစ်ပေါ်လျက်ရှိသည်။ **အမ်အင်အေ၊ရိုက်တာ**

တရားတော်များဟောကြားမည်

ရန်ကုန် စက်တင်ဘာ ၁

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ ဝေယျာဝစ္စနိဗ္ဗာန်ဆော်ဝတ်အသင်း အရိယာဓမ္မာရုံကြီးတွင် ရန်ကင်းမြို့နယ် မိုးကောင်းကျောင်းတိုက် ကမ္မဋ္ဌာနာစရိယ မိုးကုတ်ဝိပဿနာ နယ်လှည့်ဓမ္မကထိက မိုးကောင်း အရှင်စန္ဒိမာဝံသက မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း သစ္စာတရားတော်များကို ဝါခေါင်လပြည့်ကျော် ၈ ရက် (စက်တင်ဘာ ၇ ရက်) မွန်းလွဲ ၂ နာရီတွင် ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

အာစရိယပူဇော်ပွဲ

ရန်ကုန် စက်တင်ဘာ ၁

ယခင်မက်သဒစ် အင်္ဂလိပ်ဟိုက်စကူး MEHSနှင့်အထက (၁) ဒဂုံကျောင်းတွင် ၁၉၅၄-၁၉၇၈ ခုနှစ်အတွင်း ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ ပြန်လည်ဆုံစည်းကြ၍ ဆရာကြီး၊ ဆရာမကြီးများအား ၈-၁-၂၀၀၅ ရက် (စနေနေ့)တွင် ဂါရဝပြု ပူဇော်ကန်တော့ကြမည် ဖြစ်သည်။

သို့ဖြစ်၍ ရပ်နီးရပ်ဝေးမှ ကျောင်းသား၊ကျောင်းသူဟောင်းများသည် အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ ဦးကျော်မောင် ဖုန်း-၀၉၅၀-၁၉၇၈၂၊ ၂၂၅၅၃၂၊ ၂၂၄၇၅၃၊ ဦးရဲမြင့် ဖုန်း-၀၉၅၀-၀၈၇၅၀၊ ၆၆၂၅၁၄၊ ဦးစိုးညီညီ ဖုန်း- ၀၉၉၉-၂၁၇၂၀၊ ၂၂၁၃၉၅၊ ဦးထူးအောင်ကြီး-ဖုန်း-၀၉၅၀-၁၄၃၉၅၊ ၀၉၈၀-၃၁၁၀၃၊ ၆၆၆၇၀၂၊ ဒေါ်ထားချို ဖုန်း-၀၉၅၀-၀၁၆၄၆၊ ၅၃၄၇၈၀၊ ၆၆၇၈၈၈၊ ဒေါ်ခင်မြင့်ခိုင် ဖုန်း- ၀၉၉၉-၂၄၅၇၄၊၆၅၀၃၄၆၊ ဒေါ်တင်မေလွင် ဖုန်း-၀၉၅၀-၀၆၇၅၆၊ ၅၄၅၄၅၅၊ ဒေါ်ခင်သန်းမူ ဖုန်း-၂၈၆၁၇၂၊၅၄၅၇၄၅၊ဒေါ်စန်းစန်း ဖုန်း-၇၂၄၀၂၆ တို့သို့ဆက်သွယ်နိုင်ကြောင်းသိရသည်။

(က-ပ)

မြန်မာနိုင်ငံဆရာဝန်အသင်း ဗဟိုဦးစီးအဖွဲ့ စည်းဝေးမည်

ရန်ကုန် စက်တင်ဘာ ၁

မြန်မာနိုင်ငံဆရာဝန်အသင်း ဗဟိုဦးစီးအဖွဲ့ တတိယအကြိမ်အစည်းအဝေးကို စက်တင်ဘာ ၁၈ရက် (စနေနေ့)နံနက်၁၀နာရီတွင် အသင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ တိုင်းနှင့် ပြည်နယ်များမှ ဗဟိုဦးစီးအဖွဲ့ဝင်များ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





နိဗ္ဗာန်ရည်မှန်း ရွှေသင်္ကန်း

- မိမိသုံးဆောင်သည်နှင့် တစ်တန်းစားတည်း လှူခြင်းသည် **'ဒါနသဟာယ'**မည်၏။
- မိမိသုံးဆောင်သည်ထက် မြင့်မြတ်သည်ကို လှူခြင်းသည် **'ဒါနသာမိ'**မည်၏။

ဒါနသာမိ၊ တုမရှိအောင်
မုနိဆင်မြန်း၊ ရွှေသင်္ကန်းကို
လှူဒါန်းကုသိုလ် ယူပါစို့။

ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံရေး လုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် **"မဟာဇေယျ အတုလမာရဇိန်"** ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးအောင်မြင်ခဲ့၍ ၁-၈-၂၀၀၄ရက်တွင် ရေစက်ချဖွင့်ပွဲ အလှူတော်မင်္ဂလာ အခမ်းအနားကြီးကို ကျင်းပခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကြေးပိဿာ ဒုတိယအများဆုံးဖြစ်ပြီး ကမ္ဘာတွင် တတိယအကြီးဆုံးဖြစ်သည့် ကြေးသွန်းရုပ်ပွားတော်ကြီးကို ယခုအခါ **ရဟန်းရှင်လူ ပြည်သူအများ နိဗ္ဗာန်ရည်မှန်း၍ ရွှေသင်္ကန်းတော်များ ကိုယ်တိုင်ကိုယ်ကျ ကပ်လှူပူဇော်နိုင်ကြပါပြီ။**

ကိန်းဝပ်စံပယ်ရာ	-	ရွှေတိဂုံစေတီတော် အရှေ့ဘက်စောင်းတန်းကြီးအနီး
ပုံတော်	-	ဘူမိဖဿ မုဒြာပုံတော်
ဥဏှိတော်	-	၂၄ ပေ၊ ၉ လက်မ
ပလ္လင်တော်	-	အလျား ၂၂ ပေ၊ အနံ ၁၅ ပေ
မျက်နှာတော်အလေးချိန်	-	ရွှေ၊ ငွေ၊ မိုးကြိုး၊ ကြေး၁၂၅ပိဿာ
ကိုယ်လုံးတော်အလေးချိန်	-	၁၉၇၅၀ပိဿာ
စုစုပေါင်းအလေးချိန်	-	၁၉၈၇၅ပိဿာ ဖြစ်ပါသည်။

ရွှေကိုလှူလျှင် ရွှေဆင်းသွင်သို့
ဘဝပင်မခြား တူအကျိုးပွား၏
ဘူမိဖဿ မုဒြာမြတ်ကို
မပြတ်သန့်စင် ရောင်ဝါလွင်သော
ရွှေစင်သင်္ကန်း ဒါနပန်းဖြင့်
လှူဒါန်းပူဇော် နိဗ္ဗာန်မျှော်လျက်
နှိုးဆော်သတင်း ပေးဝေနှင်းသည်
ကောင်းခြင်းဖြာဖြာ ပြည့်စေသော် . . .

(၁) ရွှေဆိုင်းဌာန – ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး တန်ဆောင်းတော်
(၂) ရွှေအရည်အသွေး – ရွှေစင် ၉၉ရာခိုင်နှုန်း
(၃) ကပ်လှူပူဇော်ချိန် – နေ့စဉ် နံနက် ၆နာရီ မှ ညနေ ၆နာရီအထိ
(၄) ဆက်သွယ်စုံစမ်းရန် – ဂေါပကအဖွဲ့ရုံး၊ ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၄၁၆၈၁။

ရွှေတိဂုံစေတီတော်
ထာဝရဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းကော်မတီ

ရန်ကုန်တိုင်းမြို့နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ သုံးခွမြို့နယ်အသင်းဗိုလ်စွဲ

သတင်းဆောင်းပါး
ဓာတ်ပုံ-သိန်းဝင်းလေး
(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၁

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား အသက်(၁၇)နှစ်နှင့်အောက် မြို့နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဩဂုတ် ၃၀ရက် ညနေ၃နာရီက အောင်ဆန်းအားကစားပြိုင်ကွင်းတွင် ကျင်းပရာ သုံးခွမြို့နယ်အသင်းက ရွှေပြည်သာမြို့နယ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

သုံးခွမြို့နယ်အသင်း-သုံးဂိုး
(ညီမိုးဦး၊ ဖေယျာရွှေ နှင့် ဇင်မင်းထိုက် တစ်ဂိုးစီ)
ရွှေပြည်သာအသင်း-နှစ်ဂိုး
(ဝေဖြိုးနိုင် နှင့် ပိုင်စိုးဦး တစ်ဂိုးစီ)
ဒိုင်လူကြီး ဦးရဲနိုင်

ရွှေပြည်သာအသင်းသည် တိုက်စစ်နှင့် ကစားအားသာသော်လည်း အဆုံးသတ် ဂိုးသွင်းမသေချာ၍ သုံးဂိုး- နှစ်ဂိုးဖြင့်ရှုံးကာ ဒုတိယဖြင့်သာ ကျေနပ်လိုက်ရသည်။

ရွှေပြည်သာအဖွင့်ဂိုးရ

ပထမပိုင်း၂၅မိနစ်တွင် ရွှေပြည်သာအသင်း အလယ်တန်းနှင့် ရှေ့တန်းအတွဲ ညီညီဖြင့် ထိုးဖောက်ဖိကစားရာ သုံးခွမြို့နယ်အသင်း ကစားကွက်တည်မရဘဲ အလူးအလဲဖြင့် ဖျက်ထုတ်နေရသည်။ ရွှေပြည်သာအသင်းအတွက် ဖွေဆော်ဦး အဖွင့်ဂိုးကို အလယ်တန်းမှ ဂိုးရှေ့ ကန်တင်ပေးသည့်ဘောလုံးကို နံပါတ် (၁၀) ဝေဖြိုးနိုင် ကန်သွင်းယူ၍ ရွှေပြည်သာအသင်း ဖွေဆော်ဦး အဖွင့်ဂိုးစတင် ရရှိသွားသည်။

တိုက်စစ်ဆင်ဖိကစား

သုံးခွအသင်းသည် ပွဲစလျှင်စချင်း အချိတ်အဆက်မမိဘဲ ကစားကွက်ပျက် နေပြီး အလူးအလဲဖြင့် ခုခံကစားနေရသည်။ ပထမပိုင်း ၂၅မိနစ် နောက်ပိုင်းကျမှ သုံးခွအသင်းက ကစားကွက်နှင့်ကစားအား ပြန်လည်ကောင်းမွန်လာပြီး တိုက်စစ် ဆင်ဖိကစားရာ ၂၈မိနစ်တွင် ညီမိုးဦး ကန်သွင်းယူ၍ ပထမချေပဂိုးရရှိသွားပြီး ဆက်တိုက်ဖိကစားရာ မိနစ်၃၀တွင် သုံးခွအသင်းမှ တိုက်စစ်မှူး နံပါတ် (၉)ဖေယျာရွှေ ဂိုးသမားကို ကျော်၍ ခေါင်းတိုက်သွင်းရာ ရွှေပြည်သာဂိုးသမား အထွက်စော၍ ဂိုးပေးလိုက်ရပြီး သုံးခွအသင်း ဒုတိယဂိုးရရှိသွားသည်။

ရွှေပြည်သာအသင်း ဘယ်ညာတောင်ပံမှ ဂိုးရရှိရေးအတွက် ပြန်လည် ထိုးဖောက်ကစားရာ ၄၄မိနစ်တွင် ရွှေပြည်သာ တိုက်စစ်မှူး နံပါတ်(၁၁)ပိုင်စိုးဦး သုံးခွအသင်းနောက်ခံလူ ဟန့်တားသည့်ကြားမှ ကန်သွင်းယူရာ သုံးခွဂိုးသမား ဗိုက်အောက်မှ ကပ်ဝင်သွား၍ ရွှေပြည်သာချေပဂိုးရရှိပြီး နှစ်ဂိုးစီ သရေပွဲ ဖြစ်နေသည်။

ပထမပိုင်း ၄၅မိနစ်တွင် သုံးခွအသင်းမှ ရှေ့တန်းတိုက်စစ်မှူး ဇင်မင်းထိုက် ကန်သွင်းယူပြီး တတိယဂိုးရရှိ၍ ပထမပိုင်းအပြီးတွင် သုံးခွမြို့နယ်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် ဦးဆောင်ထားသည်။

ဒုတိယပိုင်း

ဒုတိယပိုင်းတွင် ရွှေပြည်သာမြို့နယ်အသင်းက အရှုံးဂိုးချေပနိုင်ရေး အတွက် တိုက်စစ်ဆင် ဖိကစားသော်လည်း သုံးခွမြို့နယ်နောက်တန်းကို မကျော်လွှားနိုင်၍ ဂိုးမရရှိဘဲ ဒုတိယပိုင်းအပြီးတွင် သုံးခွမြို့နယ်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပထမရရှိသွားသော သုံးခွမြို့နယ်အသင်းအား ပထမတံခွန်စိုက် ဆုဖလားကို ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ပေးအပ်ချီးမြှင့်သည်။**(အပေါ်ပုံ)**

ဒုတိယရရှိသွားသော ရွှေပြည်သာမြို့နယ်အသင်းအား ရဲမှူးကြီးအောင်ဒိုင်းက လည်းကောင်း၊ ပထမရရှိသွားသော သုံးခွမြို့နယ်အသင်းအား မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဆွေကလည်းကောင်း၊ ဒုတိယဆုရ ရွှေပြည်သာမြို့နယ်အသင်းအား ငွေသားကျပ်နှစ်သိန်း၊ ပထမဆုရ သုံးခွမြို့နယ်အသင်းအား ငွေသားကျပ်သုံးသိန်းကို ဦးခင်မောင်လတ် (အောင်တံခွန် သယ်ယူပို့ဆောင်ရေး)ကလည်းကောင်း၊ ပွဲစဉ်တစ်လျှောက် နေရာအလိုက် အကောင်းဆုံးဆုနှင့် အကောင်းဆုံး ဘောလုံးသမားဆုများကို အမှတ်(၄) စစ်ဒေသမှူး ဗိုလ်မှူးကြီးရန်နိုင်ဦးကလည်းကောင်း ငွေသားနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။ ။ **(မြန်မာ့အလင်း)**

အောင်ဆန်းတောရတပ်ဦးကျောင်းဆရာတော် ပြည်ပသာသနာပြုခရီးမှ ပြန်လည်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၁

အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်း မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ (၇၇) ပဓာနနာယက မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ အရှင်သူမြတ်သည် အမေရိကန်နိုင်ငံ နယူးယောက်မြို့ လောကချမ်းသာ ဘုရားကျောင်းတွင် ဇွန်၅ရက်မှ၁၄ရက်အထိ၊ နယူးဂျာစီမြို့ မဟာစည် သတိ ပဋ္ဌာန်ရိပ်သာတွင် ဇွန်၁၇ရက်မှ၂၀ရက်အထိ၊ ကနေဒါနိုင်ငံတွင် ဇွန် ၂၃ရက်မှ ၂၈ရက်အထိ၊ အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ် အဇူဇာမြို့ ဗြဟ္မဝိဟာရ ကျောင်း၌ ဇူလိုင်၅ရက်မှ ၁၅အထိ၊ ရေးဗားဆိုက်မြို့ သန္တိသစ္စာဓမ္မာရုံ တွင် ဇူလိုင်၂၂ရက်မှ၂၅ရက်အထိ၊ ဖီလာဒယ်လ်ဖီးယားမြို့ တရားစခန်းတွင် ဩဂုတ်၄ရက်မှ၆ရက်အထိ၊ ဝါရှင်တန်မြို့ မြန်မာသံရုံးတွင် ဩဂုတ်၁၀ရက်မှ ၁၁ရက်အထိ၊ နယူးယောက်မြို့ လောကချမ်းသာဘုရားကျောင်းတွင် ဩဂုတ် ၂၁ရက်၌ မိုးကုတ်ဝိပဿနာတရားစခန်းများဖွင့်လှစ်၍ ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်တရားများကို ဟောကြားပြသတော်မူပြီး ဩဂုတ် ၂၇ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိတော်မူကြောင်း သိရသည်။ **(က-ပ)**

ဩဂုတ် ၂၁ရက်က အလက(၈)လှိုင်၏ ၂၀၀၂-၂၀၀၃ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ဆုပေးအပ်ပွဲ ကျင်းပရာ အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က လှူဒါန်းငွေကျပ် ၆၀၀၀၀ ကို အမျိုးသမီးရေးရာအဖွဲ့ စီးပွားရေးခေါင်းဆောင် ဒေါ်သန်းနုက မြို့နယ်ပညာရေးမှူး ဒေါ်မြင့်ရီထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဩဂုတ် ၂၉ရက်က မြောက်ဥက္ကလာပ အထက(၄) ၂၀၀၃-၂၀၀၄ ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲတွင် ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်အောင်က ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သော မောင်စစ်ပိုင်စိုးအား ဆုချီးမြှင့်စဉ်။ (က-ပ)



ကျောင်းသားကျောင်းသူများ ယာဉ်အန္တရာယ်နှင့် လမ်းအန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြောပွဲကို ဩဂုတ် ၂၈ရက်က ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဒဂုံသီရိခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးသိန်းဆွေ ပညာပေးဟောပြောစဉ်။ (က-ပ)

အရှေ့တောင်အာရှ တံခွန်စိုက် ပူထရာဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ မြန်မာ့လက်ရွေးစင်အပျော်တမ်း ဂေါက်သီးရိုက်အသင်း တတိယဆုရရှိ

ရန်ကုန် စက်တင်ဘာ ၁

၂၀၀၄ခုနှစ် ဩဂုတ် ၂၄ရက်မှ ၂၇ ရက်အထိ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ကျင်းပခဲ့သော(၄၄)ကြိမ်မြောက် အရှေ့တောင်အာရှ အသင်းလိုက်တံခွန်စိုက် ပူထရာဖလား (Putra Cup)ဂေါက်သီးရိုက်ပြိုင်ပွဲ(The-44th South East Asia Amateur Golf Team Championship 2004)တွင် ဦးရေးထက်ဒိုးက အုပ်ချုပ်သူအဖြစ် ဆောင်ရွက်ပြီး Professional Golfer ဦးချမ်းဟန်က နည်းပြဆရာအဖြစ် ဆောင်ရွက်သော မြန်မာ့လက်ရွေးစင် အပျော်တမ်း ဂေါက်သီးရိုက်အသင်းသည် တတိယ ဆုဖလားကို ရရှိခဲ့သည်။

မြန်မာ့လက်ရွေးစင် အပျော်တမ်း ဂေါက်သီးရိုက်အသင်းသည် ၂၁၇+၂၁၂+၂၁၃+၂၁၇ လေးရက်ပေါင်း ၈၅၉ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျှော့ရိုက်ပြီး တတိယ ရရှိခြင်း ဖြစ်သည်။

ပထမ

ပြိုင်ပွဲတွင် ထိုင်းအသင်းက စုစုပေါင်း ၈၃၇ ချက်ဖြင့် ပထမရရှိပြီး မလေးရှားအသင်းက စုစုပေါင်း ၈၃၉ချက်ဖြင့် ဒုတိယရရှိသည်။

စတုတ္ထ

ဖိလစ်ပိုင်အသင်းက စုစုပေါင်း ၈၆၆ချက်ဖြင့် စတုတ္ထ၊ စင်ကာပူအသင်းက စုစုပေါင်း ၈၆၈ချက်ဖြင့် ပဉ္စမ၊ အိမ်ရှင်အင်ဒိုနီးရှား အသင်းက စုစုပေါင်း ၈၉၁ချက်ဖြင့် ဆဋ္ဌမနှင့် ဟောင်ကောင်အသင်းက စုစုပေါင်း ၉၁၁ချက်ဖြင့် သတ္တမရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၄၄)ကြိမ်မြောက် အရှေ့တောင်အာရှ အသင်းလိုက်တံခွန်စိုက် ပူထရာဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တတိယရရှိသော မြန်မာ့လက်ရွေးစင် အပျော်တမ်း ဂေါက်သီးရိုက်အသင်းအား ပြိုင်ပွဲမှအပြန် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် တွေ့ရစဉ်။
(ဂေါက်သီးရိုက်အဖွဲ့ချုပ်)



အမ်းမြို့နယ် ခန်းမတည်ဆောက်ရေးလုပ်ငန်း ပြည်နယ် ဒုတိယအင်ဂျင်နီယာမှူးကြီး စစ်ဆေး

အမ်း ဩဂုတ် ၂၉

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမွန်သည် အမ်းမြို့သို့ ဩဂုတ် ၂၇ ရက်က ရောက်ရှိပြီး အမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ကဆောင်ရွက်လျက်ရှိသည့် မြို့ရေပေးရေးစီမံကိန်းလုပ်ငန်းများအတွက် ပိုက်လိုင်းချထားရေး တိုင်းတာမှု လုပ်ငန်းများအား ကြီးကြပ်ဆောင်ရွက်ပြီး မြို့နယ်ခန်းမတည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။ ပြည်နယ် အင်ဂျင်နီယာမှူးကြီးအား အမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်ထူးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကောင်းထွန်းလင်းတို့က ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြကြသည်။ **(ဝဲပုံ)**

အမ်းမြို့နယ်ခန်းမအား နိုင်ငံတော်ထောက်ပံ့ငွေကျပ် သိန်း ၃၅၀ ဖြင့် ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း အပြီး တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဩဂုတ် ၃ ရက်က မလှိုင်မြို့နယ် ထန်းပင်ကန်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်အတွက် မဂ္ဂဇင်း၊ စာအုပ်မျိုးစုံကို စာထောက် (၃) ဒေါ်ဆွေဆွေမြင့်က ရပ်ကွက်ဥက္ကဋ္ဌ ဦးမြိုးသို့ ပေးအပ်လှူဒါန်းစဉ်။ (၄၁၉)

နတ်တလင်းမြို့နယ် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များဖွင့်

နတ်တလင်း ဩဂုတ် ၂၈

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကူညီပံ့ပိုးမှုဖြင့် နတ်တလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးဆောင်၍ မြို့ခြံကျေးရွာ ပညာမဏ္ဍိုင် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၈ ရက်နံနက်က ကျင်းပရာ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပန်းထွန်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်တင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

စာအုပ်များလှူဒါန်း

အလားတူ ဩဂုတ်လအတွင်းတွင် ကျေးလက်စာကြည့်တိုက်များကို မြို့ခြံတောင်စုကျေးရွာ၌ သုတေသနမဏ္ဍိုင် စာကြည့်တိုက်၊ ကုန်းကြီးကျေးရွာ၌ ဖူးပွင့်စာကြည့်တိုက်၊ သာခုက်ကျေးရွာ၌ ရွှေ့ဆောင် စာကြည့်တိုက်နှင့် မုန်တန်းကျေးရွာ၌ ပွင့်ဦးစာကြည့်တိုက်တို့ကို ဖွင့်လှစ်ပေးကြပြီး စာအုပ်၊ စာစောင်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးလက် သတင်းနှင့် မြင်ကွင်း

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကျေးလက်ပြည်သူများ ဗဟုသုတတိုးပွားရေး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပုသိမ်ကြီး၌ဖွင့်

ပုသိမ်ကြီး ဩဂုတ် ၁၃

ပုသိမ်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးလက်ပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရေးအတွက် ပုသိမ်ကြီးမြို့နယ် ဘိုတက်ကုန်းကျေးရွာအုပ်စု သန့်စင်ကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ဩဂုတ် ၆ ရက်က အဆိုပါကျေးရွာရှိ စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ညွန့်ညွန့်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဦးကုလားတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းထွန်းမြင့်နှင့် မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ညွန့်ညွန့်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။စာကြည့်တိုက်သို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အလှူရှင်များက သုတ၊ ရသစာအုပ်မျိုးစုံပေးအပ်လှူဒါန်းကြရာ ကျေးရွာအဖွဲ့ဝင်(၁) ဦးကုလားက လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှုကို ဩဂုတ် ၁၃ ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ အခြေခံပညာ အထက်တန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အင်(န်)ဂျီးတောင်နှင့် ဆရာ ဆရာမများ ဦးဆောင်၍ ကျောင်းသား ကျောင်းသူများ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (၁၀၆)

မင်းလှမြို့နယ် လယ်ဦးစုကျေးရွာ ကိုယ့်အားကိုယ်ကိုး ရွှေပြည်သစ် စာကြည့်တိုက် ဖွင့်ပွဲကို ဩဂုတ် ၂၄ ရက်က ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးမြကျော်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဦးဝင်းတင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးမြင့်ဦးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ဇီဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတည်ဆောက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု မြို့နယ်ဥက္ကဋ္ဌကြည့်ရှုစစ်ဆေး

ဝက်လက် ဩဂုတ် ၁၀

ဝက်လက်မြို့နယ် မြင်တော်စံပြကျေးရွာ ဇီဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်သော နေရာအား ဇူလိုင် ၁၉ ရက်က မြို့နယ်ဥက္ကဋ္ဌနှင့် ဓာတ်ငွေ့ထုတ်လုပ်သည့် မီးလင်းရေးကော်မတီဝင်များ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ဇီဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ တည်ဆောက်သည့်နေရာသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်နိုင်၊ ဆောက်လုပ်ရေးအင်ဂျင်နီယာ(မြို့ပြ)ဦးကြည်မိုးအောင်၊ ဓာတုအင်ဂျင်နီယာ ဦးသိန်းဇော်လင်း၊ မီးလင်းရေးကော်မတီအတွင်းရေးမှူး၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး ဦးဇော်ဝိတ်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်ပိုင်နှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **(က-ပ)**

ဩဂုတ် ၂၂ရက်က ချောက်မြို့နယ် ဝွေးပင်ကြီးကျေးရွာ၌ နိုင်ငံသားအရည်အချင်းပြည့်မီသူ ၈၄ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ်ဦးစီးအရာရှိ ဦးသက်ဦးက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များဖွင့် ပညာရည်ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်ရှင်းလင်း

လယ်ဝေး ဩဂုတ် ၁၀

ရမည်းသင်းခရိုင် လယ်ဝေးမြို့နယ် ကြောင်ရေကျေးရွာ၌ ကိုယ့်အားကိုယ်ကိုးပညာ့ဥယျာဉ်စာကြည့်တိုက်နှင့် သပြေပင်ကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး သပြေဂုဏ်ရည် စာကြည့်တိုက်ဖွင့်ပွဲကို ဇူလိုင် ၁၈ရက်က ကျင်းပသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးလှုတင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်မြင့်က ကျေးလက်ဒေသ ပညာရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

ပေါင်းတည်မြို့နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပ

ပေါင်းတည် ဩဂုတ် ၃၁

ပေါင်းတည်မြို့နယ် ဒွါဒသမ အကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၈ ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

ချီးမြှင့်

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်သက်က အဖွင့်အမှာစကား ပြောကြားပြီး လက်ထောက် ပညာရေးမှူး ဦးတင်ဝင်းက ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အောင်စေပိုင်စေသီချင်းဖြင့် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်သက်က ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ယာပုံ)** ပြိုင်ပွဲဆက်လက် ကျင်းပရာ ပြိုင်ပွဲတွင် ဆုရရှိသူများအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ကြသည်။ **(ဝ၆၄)**

ကျောက်တန်းမြို့(မြို့မ)အလကတွင် ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှု အဖြစ် ဩဂုတ် ၉ရက်က ဦးရဲမြင့်-ဒေါ်ခင်ခင်ရီတို့၏သား မောင်အောင်မြင့်မြတ်ကျော် (တတိယတန်း) က အုန်းနို့သာဂူ အာဟာရကို တစ်ကျောင်းလုံး တိုက်ကျွေးအလှူဒါနပြုကြစဉ်။ (၁၀၉)

ရှင်းလင်းတင်ပြ

ပဲခူးတိုင်း သနပ်ပင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့က မြို့စိမ်းလန်းစိုပြည်စေရေးအတွက် စိုက်ပျိုးရန် ပျိုးထောင်ထားသည့် ပန်းမျိုးစုံ ပျိုးဥယျာဉ်တွင် ပျိုးပင်များ ပျိုးထောင်မှုနှင့် ပန်းအလှပင်များစိုက်ပျိုးမှုတို့ကို ဩဂုတ် ၁၈ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ခရိုင်တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးရင်စိန် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်ဝေက ရှင်းလင်းတင်ပြစဉ်။ (၃၄၇)

တမူးမြို့ သာယာလှပရေး လမ်းဘေးကပ်တုံးဆောင်ရွက်

တမူး ဩဂုတ် ၂၀

တမူးမြို့သာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် အဖွဲ့၏ ခွင့်ပြုငွေဖြင့် မြို့ဝင် မဟူရာလမ်းမကြီး ဘေးဝဲယာ တစ်လျှောက် လမ်းဘေး ကပ်တုံးများကို ဩဂုတ် ၁၂ ရက်က ဆောင်ရွက်ရာ အရှည်ပေ ၁၄၅၀ အား ငွေကျပ် ၁၁၅၀၀၀၀ ဖြင့် ဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

အဆိုပါ ဆောင်ရွက်မှုကို မြို့သန့်ရှင်းသာယာလှပရေး အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွန့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်တို့က လမ်းဘေးဝဲယာတစ်လျှောက် ကပ်တုံးများပြုလုပ်ခြင်းကို ကြီးကြပ်ဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

အမြို့မြို့ အနယ်နယ် သတင်းများ

သုံးခွမြို့နယ် ပြည်သူ့ဆေးရုံအတွက် အလှူငွေပေးအပ်လှူဒါန်း

သုံးခွ ဩဂုတ် ၃၀

ရန်ကုန်တိုင်း သုံးခွမြို့နယ် ပြည်သူ့ဆေးရုံ Dental OPDအတွက် ကျပ်ကိုးသိန်းတန် Dental Chair သွားဆေးခန်းသုံး မီးအားမြှင့်စက်နှင့် ECG နှလုံးစမ်းသပ်စက်ဝယ်ယူရန် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၂၄ ရက်က ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် သုံးခွမြို့နယ် ဥက္ကဋ္ဌ ဦးခင်မောင်အေးက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာသြဘာလုပ်ငန်းစု ကုမ္ပဏီလီမိတက်နှင့် လင်းရောင်ခြည် စိုက်ပျိုးရေးပစ္စည်းဆိုင် (သုံးခွမြို့)က Dental Chair ဝယ်ယူရန် ထည့်ဝင်ငွေကျပ် ၄၅၀၀၀၀၊ သွားဆေးခန်းသုံး မီးအားမြှင့်စက်နှင့် အထွေထွေပစ္စည်း တန်ဖိုးငွေကျပ်၃၀၀၀၀၀ စုစုပေါင်းငွေကျပ် ၇၅၀၀၀၀တို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ ECG စက် ဝယ်ယူရန် သုံးခွမြို့ နေခြည်ဆေးပစ္စည်း အရောင်းဆိုင်က ထည့်ဝင်လှူဒါန်းငွေကျပ် ၂၄၀၀၀၀ကို သုံးခွမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးအား ပေးအပ်ရာ ဒေါက်တာဒေါ်တင်နွယ်ကြည်က လက်ခံရယူပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(၁၃၇)**

သောက်သုံးရေရရှိရေး စက်ရေတွင်းတူးဖော်

ငဖဲ ဩဂုတ် ၂၀

ငဖဲမြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ ကျေးရွာများတွင် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် စက်ရေတွင်းများ တူးဖော်ဆောင်ရွက်မှုကို ဩဂုတ်၁၆ရက်က ငဖဲမြို့နယ် သာယာကုန်းကျေးရွာတွင် တစ်လက်မခွဲ စက်ရေတွင်း တူးဖော်ခဲ့ရာ သန့်ရှင်းသော သောက်သုံးရေများ ရရှိကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိသင့်သည်

- ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ဆက်သွယ်ပါ။
- ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ ရသစာအုပ်များလှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

ကွင်းဆင်းရွေးချယ်

ဩဂုတ် ၈ ရက်က မကွေးမြို့နယ် ရုန်းကုန်းကျေးရွာ ကျေးလက်စက်ရေတွင်း တူးဖော်မည့် မြေနေရာအား မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဝင်းနှင့် အင်ဂျင်နီယာမှူး ဦးစိုင်းရွှေအောင်တို့က ကွင်းဆင်းစိစစ်ရွေးချယ်စဉ်။ (က-ပ)

မွေးနေ့ဆုတောင်း

ချစ်သားကြီး မောင်ရဲကျော်သူ၏ ၂-၉-၂၀၀၄ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းတစ်ရာကျော်တိုင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ အောင်မြင်မှုများစွာဖြင့် ဘဝကိုတက်လှမ်းနိုင်ပါစေရန် ဆုမွန်ပို့သပါသည်။

ဖေဖေ - ဦးမောင်မောင် (မျိုးသုခဆေးကုဌာန)
မေမေ - ဒေါ်လှမြိုင် (စိန်ရတနာဆေးဆိုင်)
ချစ်ညီမလေး: - မမေသီရိခင်(ခ) ချောစုမ။





ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်

ရန်ကုန်မြို့၊ ၁၃၆၆ ခုနှစ်၊ ဒုတိယ ဝါဆိုလဆန်း (၉)ရက်
၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်

၁။ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၀၄ခုနှစ် အောက်တိုဘာလတွင် ကျင်းပမည်ဖြစ်၍ ရတနာပြပွဲတွင် ကျောက်မျက်ရတနာများ တင်ပြရောင်းချလိုသူများသည် ၂၀၀၄ ခုနှစ် ဩဂုတ်လ ၁ ရက်မှ စက်တင်ဘာလ ၃၀ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)နှင့် ဆက်သွယ်၍ ကျောက်မျက်ရတနာများစစ်ဆေးခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်းများကို ဆောင်ရွက်နိုင်ပါသည်။

၂။ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများအား မိမိတို့အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)သို့ သယ်ဆောင်ရာတွင် အခက်အခဲရှိပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) ရန်ကုန်မြို့၊ ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း)၊ ရှေ့တန်းမြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (မိုင်းရှူး/လွိုင်ဆောင်ထောက်)နှင့် မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးမြို့များတွင် အခြေခံပြုသည့် စခန်းရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။

၃။ ၎င်းအပြင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်အကျိုး၊ ကျောက်မျက်ရတနာလုပ်ငန်းများအကျိုးအတွက် ရတနာပြပွဲများ မကျင်းပသည့် ကြားကာလများတွင် ကျောက်မျက်ရတနာ ရောင်းဝယ်ခြင်း ဆောင်ရွက်သည့် ဂျီတီစီစနစ်ဖြင့် ပုဂ္ဂလိကပိုင် ကျောက်မျက်ရတနာများ ရောင်းဝယ်ခြင်းနှင့် ပြည်ပတင်ပို့ခြင်းများကို သက်ဆိုင်ရာလုပ်ငန်းဌာနများနှင့် ပူးပေါင်းညှိနှိုင်း၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်၍ ဂျီတီစီစနစ်ဖြင့် ကျောက်မျက်ရတနာများ ရောင်းချလိုသည့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် ၂၀၀၄ခုနှစ် ဩဂုတ်လ ၁ရက်မှ စက်တင်ဘာလ ၃၀ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

သားအဖြစ်မှရာသက်ပန်အမွေပြတ်စွန့်လွှတ်ခြင်း

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ် ၂၀၊ ၁၂၃ လမ်းနေ ကျွန်မဒေါ်အေးမြင့် ၁၂/မဂတ(နိုင်) ဝ၆၆၆၄၅ ကိုင်ဆောင်သူ၏ သားဖြစ်သူ မောင်အောင်မင်း ၁၂/မဂတ(နိုင်) ဝ၆၆၈၁၇ သည် မိခင်နှင့်ညီအစ်ကိုများကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် သားအဖြစ်မှ ရာသက်ပန်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။ မောင်အောင်မင်းနှင့်ပတ်သက်သောသူများအားလုံးသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဒေါ်အေးမြင့်
၁၂/မဂတ(နိုင်) ဝ၆၆၆၄၅။

ကန့်ကွက်ရန်ကြေညာခြင်း

ရွှေပြည်သာမြို့သစ်၊မြေတိုင်းရပ်ကွက် ၄၆/၄၀၀ အမည်ပေါက် ဒေါ်လီလီမော် နှင့် ၄၆/၄၁၁ အမည်ပေါက် (ဗိုလ်ကြီး)ကျော်ကျော်ဦး တို့ထံမှတစ်ဆင့်ဝယ်ယူထားသော ဒေါ်ရှုပိုင်၏ ပါမစ်မူရင်းများမှာ ပျောက်ဆုံးသွားပါသဖြင့် (မြို့ရွာ/အိုးအိမ်) ဦးစီးဌာန (မြေနှင့်အခွန်) ဌာနခွဲတွင် ပါမစ်မိတ္တူ လျှောက်ထားလိုပါသဖြင့် ကန့်ကွက်လိုသူများ ကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း (မြို့ရွာ/အိုးအိမ်)ရုံးသို့ ကန့်ကွက်နိုင်ကြောင်းနှင့် ပါမစ် လက်ဝယ်ရှိသူအား တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဒေါ်ရှုပိုင်
တိုက် ၆၊ အခန်း ၁၃၊ဖဆပလ၊ တောင်ညွန့်။

ကန့်ကွက်ရန် ကြေညာခြင်း

ဒဂုံမြို့သစ်တောင်ပိုင်း ၆၅/၁၂၅(ခ) အမည်ပေါက် ဒေါ်အုန်းအုန်းထံမှတစ်ဆင့် ဝယ်ယူထားသောဦးကျော်ရင်(ခ)မြသောင်း၏ ပါမစ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် (မြို့ရွာ/အိုးအိမ်) ဦးစီးဌာန (မြေနှင့်အခွန်) ဌာနခွဲတွင် ပါမစ်မိတ္တူ လျှောက်ထားလိုပါ၍ ကန့်ကွက်လိုသူများ ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း (မြို့ရွာ/အိုးအိမ်) ဦးစီးဌာနသို့ ကန့်ကွက်နိုင်ကြောင်းနှင့် ပါမစ်မူရင်း လက်ဝယ်ရှိသူအား တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဦးကျော်ရင်(ခ)မြသောင်း
အမှတ်၁၂၅/ခ၊ဇေတိကလမ်း၊(၆၅)ရပ်ကွက်။

အမြန်ပြန်လာပါ

ဦးအင်မော် ၁၀/မဒန(နိုင်) ဝ၃၈၇၅၆ အသားဖြူ၊ အရပ်ငါးပေရှစ်လက်မသည် ၂၀-၈-၂၀၀၄ရက်တွင် နေအိမ်မှ ထွက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ၊ မိသားစုများ စိတ်ပူနေသည်၊ အမြန်ပြန်လာပါ။ **ဖုန်း-၇၂၄၈၂၃၊ ၀၉- ၅၀၀-၁၅၉၇။**



ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ရက်စွဲ ၂၀၀၄ ခုနှစ် ဩဂုတ်လ ၂၅ ရက်

ချိပ်ပိတ်ဈေးနှုန်းလွှာများခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့် ပေးချေဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်-

(က) စက်ယန္တရားအရန်ပစ္စည်းများ
(ခ) ရေတွန်းစက်အရန်ပစ္စည်းများ

ဈေးနှုန်းလွှာပိတ်ရက်မှာ ၁၆-၉-၂၀၀၄နေ့ ၁၆ နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာ ပုံစံတစ်စုံလျှင် ကျပ် ၁၀၀၀ (ကျပ်တစ်ထောင်တိတိ)နှုန်းဖြင့် ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၂၈၂၅၃၄၊ ၂၄၈၁၁၂၊ (လိုင်းခွဲ)၂၃၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေ အမိန့် ၅၊ နည်း ၂၀
မကွေးတိုင်း တရားမရုံး၌
၂၀၀၄ ခုနှစ် တရားမကြီးမှု အမှတ် ၂၈

ဒေါ်မြင့်မြင့်	**နှင့်**	၁။ ဒေါ်ကြည်မေအေး	၅။ ဒေါ်တိုးတိုးလွင်
(၎င်း၏အထွေထွေကိုယ်စားလှယ်		၂။ ဦးတင်အောင်လွင်	၆။ ဒေါ်မိုးမိုးလွင်
စာရသူ ဦးဇေယျာမြင့်ရှိန်)		၃။ ဦးမြင့်လွင်	၇။ ဦးကိုကိုလတ်
		၄။ ဒေါ်ကြည်မေလွင်	၈။ ဒေါ်ခင်စောဝေ

တရားလို
တရားပြိုင်များ

မကွေးတိုင်း၊ အောင်လံမြို့၊ အမှတ် ၃၃၂၊ ပြည်လမ်း၊ ကန်ကြီးရပ်နေ ဒေါ်ကြည်မေအေး၊ ဦးတင်အောင်လွင်၊ ဦးမြင့်လွင်၊ ဒေါ်ကြည်မေလွင်၊ ဒေါ်တိုးတိုးလွင်၊ ဦးကိုကိုလတ် (ယခုနေရပ် လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ဘိုးဘွားပိုင်မြေနှင့် မြေပေါ်ရှိ နှစ်ထပ်တိုက်အား လက်ရောက်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ခုနှစ် စက်တင်ဘာလ ၂၀ ရက် (၁၃၆၆ခုနှစ် တော်သလင်းလဆန်း ၇ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သန်းလွင်
တိုင်းတရားသူကြီး
မကွေးမြို့။

Job Vacancy
(Local Service Only)

We are seeking applicants for the following positions:

(1) Plant Manager (1) post Male
(2) Maintenance Engineer (1) post Male

Profile of desirable applicant.
- B.E (Mechanical)
- Aged between 40-50 years
- Minimun 5-8 years in Managerial skill in a reputed manufacturing facility
- Preferable with overseas experience with ISO/GMP/HACCP-Company.
- Experience in Beverages manufacturing field is preferable.
- Must be able to speak & write English
- Excellent inter-personal communication skills
- Very good analytical & planning skills

(3) Internal Auditor (2) Posts Male/Female

Profile of desirable applicant.
- B.Com, B.Econ, B.A (Eco), B.A (BM), D.A, LCCI Level -III (passed)
- CAT Certified Accounting Technician
- Computer Skills
- (3) years experiences in internal Audit
- Can travelling be essential

Please submit your application with updated C.V, copies of certificates & copy of labour registration card to International Beverages Trading Co., Ltd. No-18, Pyay Road, (7) Miles, Mayanngone T/S, Yangon, Myanmar.

Closing date of application is 16th September 2004.

Only short listed candidate will be contacted for interview.

ကျေးဇူးတင်ရှိခြင်း

၁၅-၈-၂၀၀၄ ရက်တွင် ကွယ်လွန်သွားသော ဦးရဲမင်းထွန်း(B.E. Civil) ပြည်သူ့ဆောက်လုပ်ရေး၏ ဈာပနကိစ္စတွင် ဝိုင်းဝန်းကူညီပေးကြသော ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်၊ သူနာပြုများ၊နာရေးကူညီမှုအသင်း၊လွမ်းသူ့ပန်းခွေနှင့်ပန်းခြင်းပေးပို့ကြသူများ၊ ကြက်ခြေနီ သူနာပြုတပ်ဖွဲ့၊ ပုသိမ်မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးမှတာဝန်ရှိသူများ၊ သူငယ်ချင်းများ၊ ဝမ်းနည်းကြေကွဲမှုကို မျှဝေခံစားနှစ်သိမ့်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ဝမ်းနည်းကြေကွဲခြင်း
ဦးသိန်းထွန်းဖေ
အသက်(၅၁)နှစ်
ပါမောက္ခ (ဌာနမှူး) စိတ်ပညာဌာန၊ မကွေးတက္ကသိုလ်

မကွေးတက္ကသိုလ်၊ စိတ်ပညာဌာနမှူး ပါမောက္ခဦးသိန်းထွန်းဖေ ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းမိပါကြောင်း။

စိတ်ပညာမိသားစု (မကွေးတက္ကသိုလ်)။

ဝမ်းနည်းကြေကွဲခြင်း
ဦးသိန်းထွန်းဖေ
အသက်(၅၁)နှစ်
ပါမောက္ခ (ဌာနမှူး) စိတ်ပညာဌာန၊ မကွေးတက္ကသိုလ်

မကွေးတက္ကသိုလ်၊ စိတ်ပညာဌာနမှူး ပါမောက္ခဦးသိန်းထွန်းဖေ ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းမိပါကြောင်း။

မကွေးတက္ကသိုလ်မိသားစု။

တစ်လပြည့်အလွမ်း
ဦးစိုးမိုး (ကားဝပ်ရှော့) ၂၉-၈-၂၀၀၄

ချစ်ခင်ပွန်း ဦးစိုးမိုးသည် မမျှော်လင့်ဘဲ ထာဝရ ခွဲခွာသွားသည့် ၂၉-၈-၂၀၀၄ ရက်မှ တစ်လတိတိပြည့် ပြုပြုသမျှကုသိုလ်အားလုံးကို မြင့်မြတ်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။ **ချစ်ဇနီး-ဒေါ်တင်မိုးမိုးအောင်နှင့် သား၊ သမီးများ။**

အမည်ပြောင်း

ရဲအုပ်ထွန်းတင်-ဒေါ်စန်းစန်းမြင့်တို့၏သား အထက(ငဖဲ)၊ ဒသမတန်း(က)မှ မောင်ကျော်ဇေထွန်းအား မောင်အာကာမင်းဟု လည်းကောင်း၊ ဆဋ္ဌမတန်း(က)မှ မစမ်းကေခိုင်ထွန်းအား မခိုင်ဇွန်မြင့်ဟု လည်းကောင်း ပြောင်းလဲခေါ်ပါရန်။ **မောင်အာကာမင်း၊ မခိုင်ဇွန်မြင့်။**

အမည်ဖြည့်စွက်ခေါ်ပါရန်

အဖ ဦးမောင်သန်း၏သား လားရှိုးမြို့ အထက(၁)နဝမတန်း(က)မှ မောင်ပြည့်ဖြိုးသန်း ၁၃/လရန(နိုင်)၁၃၁၆၅၆ အား မောင်အောင်ပြည့်ဖြိုးသန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ပြည့်ဖြိုးသန်း။**

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်တို့၏ သားဖြစ်သူ မောင်ဝင်းတင် ၁၂/သကတ (နိုင်) ၁၂၅၈၆၄ သည် မိဘများ ခွင့်မလွှတ်နိုင်သောကိစ္စကို ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမှ တာဝန်မယူပါ။ **ဦးအုန်းမြင့် ဒေါ်ခင်မြအေး။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် LEE TAN LYAN ၏ နိုင်ငံကူးလက်မှတ် အမှတ် 304861 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။ **ဆက်သွယ်ရန်-၅၁၁၀၉၁ ၀၉-၅၀၀-၂၇၆၅။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် လ/၃၈၄ လက်ဝယ်ရှိသူမှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍၁၅ရက်အတွင်း ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်) သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်)။**

ဂါထာသုခ
ဖြန့်ချိရေး-သစ္စာမဏ္ဍိုင်စာပေ
၀၉-၈၀-၂၁၆၈၀၊ ၃၈၃၇၅၂
မန္တလေးဖုန်း-၂၁၁၃၅၉။

ကားစီးလုံးငှားမည်
Zaw Win & Associates
Z&A Car Renter
ကားပိုင်ရှင်များ
ဆက်သွယ်နိုင်ပါသည်။
ဖုန်း-၅၄၀၅၄၅၊ ၀၉-၈၀-၂၀၀၉၁။



သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည်ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေနှင့်အညီ စက်သုံးဆီထုတ်ပေးထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်း တောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်းသိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း - ၁၉၉

(၂) ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး - ၂၉၁၂၈၅၊ ၂၉၁၂၈၄

(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ - ၅၄၁၉၀၅၊ ၅၄၁၉၀၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ ဇရပ် ဒါယကာကြီး
ဦးမြင့်အေး (မုံရွာ)
B.Sc (Maths)
သိန်းတစ်ရာအထည်တိုက် ချင်းတွင်းအသင်းအမှုဆောင်၊ ချင်းတွင်းမြေ သ/မလီမိတက် ဒါရိုက်တာအဖွဲ့အတွင်းရေးမှူး
အသက်(၅၉)နှစ်

မုံရွာမြို့၊ ဘုရားကြီးလမ်း၊ သိန်းတရာ အထည်တိုက်(ဦးလှဖေ-ဒေါ်အေးကြည်)တို့၏သား၊ ခမ္မကထိကဆရာကြီး(ဦးလှသိန်း-ဒေါ်ဒေါ်ပု)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ယောမင်းကြီးရပ်ကွက်၊ ရွှေတိဂုံဘုရားလမ်း၊ ခြံအမှတ် ၂၉၂(ခ)၊ အခန်း ၄/၆ နေ ဒေါ်ခင်မာသိန်း၏ ခင်ပွန်း၊ ကိုသန့်ဇော်အေး (Senior Cadet)-မတင့်တင့်ဆွေ၊ မယမင်းအေး (ဌာနစုမှူး၊ ပန်းဥယျာဉ်ဌာန၊ မြို့တော်စည်ပင်)၊ မစိုးမိုးအေး(Elite Media Co.,Ltd.)တို့၏ဖခင်သည် ၁-၉-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၀၄ရက်(သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်မင်းစိုး
B.A (Geog)
အသက်(၃၄)နှစ်

ရန်ကုန်တိုင်း၊မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၂)ရက်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၂/၂၈၆ နေ ဦးလွင်-(ဒေါ်ကြိုင်)တို့၏သား၊ ဦးစိုးမြင့်၊ ကိုမြတ်စိုး၊ ကိုကြည်စိုးတို့၏ညီသည် ၁-၉-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃-၉-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ကိုဝင်းထွန်းအောင်
(ဒု-ကြီးကြပ်ရေးမှူး၊ မြန်မာ့ဂုန်လျှော်လုပ်ငန်း၊ရန်ကုန်တိုင်း)
အသက်(၃၂)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာအိမ်ရာ၊ တိုက် ၁၊ အခန်း ၅၁၅ နေ ဦးသိန်းအောင်(စက်မှု/လယ်ယာ၊ ငြိမ်း) - ဒေါ်ယဉ်မြတို့၏ သားကြီး၊ မောင်ဖြိုးဖြိုးအောင်၊ ကိုဝေမိုးကျော်၊ မလဲ့လဲ့အောင်တို့၏အစ်ကိုကြီးသည် ၃၀-၈-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၅-၉-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာပြုလုပ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဦးမြ (သန်လျင်မြို့)
မန်နေဂျာ(ငြိမ်း)မြန်မာ့သစ်လုပ်ငန်း
အသက်(၈၁)နှစ်

၂၈-၈-၂၀၀၄ရက် တွင်ကွယ်လွန်သွားခဲ့သော ဖခင်ကြီး ဦးမြ နာမကျန်းဖြစ်စဉ်က ဂရုတစိုက်ကြပ်မတ်ကုသပေးခဲ့ကြသော အထူးကုဆရာဝန်ကြီးများအားလည်းကောင်း၊ ရွှေဂုံတိုင်အထူးကုဆေးခန်းမှအုပ်ချုပ်သူနှင့်တကွ ဆရာဝန် ဆရာမများနှင့်သူနာပြုများအားလည်းကောင်း၊ နာမကျန်းဖြစ်ချိန်မှစ၍ ဈာပနကိစ္စအဝဝတွင် အဆင်ပြေချောမွေ့စွာပြီးဆုံးသည်အထိ အဘက်ဘက်မှပိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်း အားပေးနှစ်သိမ့်ခဲ့ကြသူများအားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါက်တာရို့စ်သာဂွယ်(ခ) ဒေါက်တာဒေါ်နှင်းဆီ
အသက်(၉၅)နှစ်

ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊အမှတ် ၁၈(င)၊ ဦးဘဟန်လမ်းသွယ်၊ ချော်တွင်းကုန်းနေ (ဦးသာရွှယ်-ဒေါ်လှိုင်)တို့၏ သမီးထွေး၊ (ဦးကင်ကြို့-ဒေါ်သိန်းလှ)တို့၏ချွေးမ၊ဒုတိယဗိုလ်မှူးကြီးဘိန်ချိုင်း (ငြိမ်း) (ခ) Dr.သိန်းထိုက်၏ဇနီး၊ ဒေါ်လှဲ့လှဲ့ဝင်း(G.M, The Grand Mee YaHta Executive Residences; S.P.A) - ဦးစိုးဝင်း၊ ဦးမောင်မောင် (Frontier Drilling-Asia,Pte Ltd.)-ဒေါ်သက်ဇော်တို့၏မိခင်၊ မောင်ဝင်းမိုးထိုက် (Bintai Kindenko Myanmar)၊ မသက်ထူးဇော်တို့၏ အဘွားသည် ၃၁-၈-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၅း၃၀ နာရီတွင် အထက်ပါ နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂-၉-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ကမာရွတ်မြို့နယ် ယုဒသန်နှစ်ခြင်းအသင်းတော်(Judson Church)တွင် ဝတ်ပြုဆုတောင်းပြီး မွန်းတည့် ၁၂နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

၄-၉-၂၀၀၄ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ပြည်လမ်း (Judson Church)၌ ဝတ်ပြုဆုတောင်းပွဲ ပြုလုပ်မည်ဖြစ်ပြီး ၆-၉-၂၀၀၄ရက် (တနင်္လာနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးလှရွှေ (ဝါးတရာ)
အသက်(၈၀)

အင်းစိန်မြို့၊ ကြေးတိုင်စု ၁ လမ်း၊ အမှတ် ၃၉ နေ ဦးချန်ထွန်း-ဒေါ်ခင်တို့၏ညီ၊ ဦးရွှေ-ဒေါ်ရွှေညွန့်၊ ဦးချစ်လှ-ဒေါ်ခင်ညွန့်၊ ဦးအောင်မြင့်-ဒေါ်သန်းရီ၊ (ဦးမြဝင်း)၊ ဒေါ်ခင်စန်း၊ ဦးမြစော-ဒေါ်ခင်သန်းတို့၏အစ်ကို၊ ဒေါ်စိန်ကြည်၏ခင်ပွန်း၊ ဦးအောင်သန်းညွန့်-ဒေါ်ခင်ခင်ဝင်း၊ ဦးတင်မောင်ရွှေ-ဒေါ်စောနစ်၊ ဦးတင်မောင်လွင်-ဒေါ်စီစီသိန်း၊ ဦးညွန့်ဝင်း-မဥမ္မာမြင့်တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၃၁-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

သိမ်၊ကျောင်း၊ပိဋကသုံးပုံဒါယိကာမကြီး
ဒေါ်သန်းညွန့်
(ကညွတ်ကွင်း၊ ကန်တော်ကလေး)
အသက်(၇၆)နှစ်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ရွှေညောင်မြို့နေ (ဦးစိန်ဖိုး-ဒေါ်ဖွား)တို့၏သမီး၊ ပဲခူးတိုင်း၊ ကညွတ်ကွင်းမြို့နေ (ဦးစံဖေ-ဒေါ်ကျော့)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ကန်တော်ကလေးအရှေ့ပိုင်း၊အမှတ် ၉၁၊ ၉၄လမ်းနေ ဦးစိန်လွင်(မြန်မာ့မီးရထား၊ လ/ထတိုင်းပို့ဆောင်ရေးမန်နေဂျာ၊ငြိမ်း)၏ဇနီး၊ ဒေါက်တာထွန်းအောင်ကျော်-ဒေါ်နုနုအောင်၊ဦးမောင်မောင်[ဒုလ/ထ ညွှန်မှူး၊ စက်မှု(၁)ဝန်ကြီးဌာန၊ ငြိမ်း]-ဒေါ်မာမာ၊ ရွှေညောင်မြို့နေ ဦးကိုကို-ဒေါ်သန်းနွဲ့၊ ယုဇနဥယျာဉ်မြို့တော်နေ ဦးအေးမောင် - ဒေါ်စန်းစန်းဝေတို့၏ အစ်မကြီး၊ ဒေါ်ဝင်းဝင်းနွဲ့၊ ဦးဇော်ဝင်း-ဒေါ်အေးအေးသွဲ့၊ ဦးသန်းဌေး(ရေအရင်းအမြစ်၊ ငြိမ်း)-ဒေါ်မြင့်မြင့်ခိုင်(ရေအရင်းအမြစ်၊ငြိမ်း)၊ ဦးအောင်အောင်-ဒေါ်အေးအေးလွင် (အမက-၁၄၊ တောင်ညွန့်)၊ ဦးအေးဝင်း-ဒေါ်မာလာလွင်(ကျောက်တံခါးမြို့)၊ ဦးတင့်ဇော်-ဒေါ်သီတာလွင်တို့၏မိခင်ကြီး၊ မဖြိုးဝေဦး [AGTI (Civil)၊စီးပွားစီမံနောက်ဆုံးနှစ်၊အရှေ့ပိုင်းတက္ကသိုလ်]၊ မပိုးဝေဦး [B.Sc (Zoo) နောက်ဆုံးနှစ်၊ အရှေ့ပိုင်းတက္ကသိုလ်]၊ မမိုးဝေဦး၊ မောင်သက်နောင်စိုး(IX-C၊ အထက-၂၊ တာမွေ)၊ မမေသက်ခိုင် (VII-G၊ အထက-၁၊ ဒဂုံ)၊မောင်ဟိန်းထက်ဇော်(အမက-၃၊ တောင်ညွန့်)၊ မစုဒါလီခိုင်(အမက-၃၊ တောင်ညွန့်)၊ မမြဒါလီမောင်(အမက-၃၊ တောင်ညွန့်)၊ မသန့်ဖြူဖွေး(အထက၊ ကျောက်တံခါး)၊ မပန်းနုထွေး(အထက၊ ကျောက်တံခါး)၊မောင်ကျော်ကောင်းဆက်တို့၏ဘွားဘွားကြီးသည် ၃၁-၈-၂၀၀၄ ရက်တွင် သျှင်ပါကူဆေးခန်း၌ကွယ်လွန်ပါသဖြင့် ၂-၉-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဦးအုန်းကြိုင်
(သုံးခွ၊ညောင်လေးပင်)
အငြိမ်းစားကျောင်းအုပ်ဆရာကြီး သုံးခွမြို့နယ်အသင်းနာယက
အသက်(၇၆)နှစ်

သုံးခွမြို့နယ်နေ ဦးအောင်ညွန့်-ဒေါ်ငွေလှိုင်တို့၏သား၊ ညောင်လေးပင်မြို့နယ်နေ ဦးမြဟန်-ဒေါ်ညွန့်ရီတို့၏ သားသမက်၊ ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ တိုက် ၃၁၃၊ အခန်း ၁၂နေ ဒေါ်တင်ဝင်း(ကျောင်းအုပ်ဆရာမကြီး၊ အမက-၁၄၊ ရန်ကင်း)၏ခင်ပွန်း၊ ဒေါက်တာဝင်းပပကြိုင် (လက်ထောက်ဆရာဝန်၊ ကျောင်းကုန်းပြည်သူ့ဆေးရုံကြီး)၊ ဦးမျိုးဇော်အောင်(Majestic Mandalay Co.)-ဒေါ်ရွှေယင်းမာကြိုင် (နည်းပြ၊ သဃ်န်းကျွန်း ပညာရေးကောလိပ်)၊ ဒေါ်မနော်ဟရီကြိုင်(အလပြ၊ အမက-၉၊ ဒလ)၊ မောင်နေဝန်းလှိုင်(D/C, J.S.M Shipping)တို့၏ ဖခင်၊ မရှင်းသန့်မွန်ရည်၏ဘိုးဘိုးကြီးသည် ၁-၉-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၀၄ရက် (သောကြာနေ့)ညနေ ၃း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဗိုလ်မျိုးဝင်းခိုင်
ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀၆)
အသက်(၃၃)နှစ်

မော်ဘီမြို့၊ စုပေါင်းရုံးနေ ဦးစောမြင့်အောင်(ဒုဦးစီးမြေစာရင်း)-ဒေါ်ခင်အုန်းနိုင်တို့၏သား၊ ဦးကျော်ဒင်-ဒေါ်နော်စေးဟဲတို့၏သားသမက်၊ ဦးဥတ္တမ၊ မဖြူဖြူဝင်းတို့၏အစ်ကို၊ ဒေါ်ခင်သူဇာခိုင်၏ခင်ပွန်း၊ မောင်ဇော်ဝင်းနိုင်၊ မောင်ဟိန်းထက်ဇော်တို့၏ဖခင် ဗိုလ်မျိုးဝင်းခိုင်သည် ၂၉-၈-၂၀၀၄ရက် (တနင်္ဂနွေနေ့)ည ၈ နာရီတွင်မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင်မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင်ဝင်း
အသက်(၄၆)နှစ်

ရန်ကုန်မြို့နေ(ဦးဝင်းကြိုင်)-ဒေါ်တင်အေးတို့၏သမီးကြီး၊ သရက်မြို့နေ (ဦးမောင်ကျန် - ဒေါ်ထားညွန့်)တို့၏ သမီးချွေးမ၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုတ ၃ လမ်း၊ ၈၆(ခ)နေ ဦးလှမြင့် (တပ်မတော်-လေ)၏ဇနီး၊ မခင်ဖြူဝင်း(4th B.D.S)၊ မောင်တင်အောင်ထွန်း(3rd BM, Dip in IT & EC)တို့၏မိခင်၊ ဒေါ်သန်းသန်းဝင်း (ပြန်/ဆက်)၊ ဒေါ်နွယ်နွယ်ဝင်း (ပသအ)-ဦးမင်းဇော်(2/O)တို့၏အစ်မသည် ၃၁-၈-၂၀၀၄ရက် ည ၁၁း၄၅ နာရီတွင် နှင်းဆီကုန်းအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊တန်ဆောင်း၊ကျောင်း ဒါယိကာမ၊ရဟန်းမယ်တော်
ဒေါ်အေးခိုင်
အသက်(၈၅)နှစ်

ဧရာဝတီတိုင်း၊ မအူပင်မြို့နယ်၊ ထနီးကျေးရွာ ဆရာတော် ဦးပညာသာရ၏မယ်တော်၊ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်တိုက်နယ်၊ အရှေ့မော်ကျေးရွာနေ (ဦးထွန်းကျော်အောင်)၏ဇနီး၊ ဦးမောင်ဝေအောင်-ဒေါ်အေးနုဖြူ၊ ဦးဘမောင်-ဒေါ်လုံးစိန်၊ ဦးစံကျော်-ဒေါ်သန်းစိန်မ၊ဦးစံသိန်း-ဒေါ်အေးသန်း၊ ဦးအောင်ကျော်သိန်း-ဒေါ်အေးကြည်၊ ဦးဘကြည်-ဒေါ်တင်ရီ၊ ဦးအောင်တင့်-ဒေါ်ကြည်ကြည်ရွှေ၊ ဒေါ်မသန်း၊ ဦးမောင်သန်း-ဒေါ်မြင့်ရီတို့၏မိခင်၊မြေး ၂၇ယောက်၊မြစ်ကိုးယောက်တို့၏အဘွားသည် ၃၁-၈-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် လေးတောင်တိုက်နယ်ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၄-၉-၂၀၀၄ရက် (စနေနေ့)တွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ကျန်ရစ်သူမိသားစု။

ဦးဘဟန်
မီးရထားဆေးရုံ(ငြိမ်း)
အသက်(၈၄)နှစ်

(ဦးဘစိန်-ဒေါ်ရီ)တို့၏သား၊သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ နံ့ပွားလမ်း၊ အမှတ် ၁၅၁/၁ နေ (ဒေါ်သန်းမြ)၏ခင်ပွန်း၊ ဦးခင်မောင်ဟန်(စစစ၊ ပုသိမ်)-ဒေါ်ခင်အေးနွဲ့၊ ဦးဖေခင် (အား/ကာသိပ္ပံ)-ဒေါ်ခင်မေလတ်၊ ဦးခင်မောင်တင့် (ပို့ဆောင်ရေးဘောလုံးအသင်း)-ဒေါ်ခင်ဌေဝင်းတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၃၁-၈-၂၀၀၄ရက် ညနေ ၅း၄၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂-၉-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (သုဝဏ္ဏနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်သန်းကြည် (ဒေးဒရဲမြို့)
အသက်(၈၄)နှစ်

ဒေးဒရဲမြို့နေ သုခဗလဆန်စက်ပိုင်ရှင် (ဦးအောင်မြတ်-ဒေါ်ဓခင်)တို့၏ သမီး၊ ဝါးခယ်မမြို့နေ (အမိန့်တော်ရရှေ့နေ ဦးဘိုးအောင်-ဒေါ်ဒေါ်ပု)တို့၏ သမီးချွေးမ၊ရန်ကုန်မြို့၊အမှတ် ၁၁/၁၃၊ မြယာကုန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးခင်မောင်ချို-ယခင်အာကာထွန်းလီမိတက်၊ အုပ်ချုပ်မှုဒါရိုက်တာ)၏ဇနီး၊ ဦးစိန်ဝင်း-ဒေါ်ကြည်ကြည်ချို၊ ဦးအေးသန်း-ဒေါ်ခင်သန်းချို၊ ဦးမျိုးမြင့်-ဒေါ်ခင်ဓေချို၊ ဦးစိုးဝင်း-ဒေါ်ခင်ပြုံးချို၊ ဦးကျော်ကျော်ချို-ဒေါ်စန်းစန်း၊ ဒေါ်မေနီချိုတို့၏မိခင်၊ တူ တူမ ငါးယောက်တို့၏အဒေါ်၊မြေး ရှစ်ယောက်တို့၏အဘွားသည် ၃၁-၈-၂၀၀၄ရက် နံနက် ၈း၄၅ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၂-၉-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုစိုးညီညီမော်(ခ)ညီညီ (မုံရွာ)
CDC - 42560
Potato Co., Ltd.
အသက်(၃၆)နှစ်

မုံရွာမြို့နေ ဦးဝင်းနွယ်-(ဒေါ်မော်မော်သော်)တို့၏သားလတ်၊ ကိုစိုးကိုကိုမော်-မနှင်းခိုင်တို့၏ညီ၊ ကိုစိုးမြတ်မင်းသော်-မစံကျော့ခိုင်၊ စိုးပပမော်တို့၏အစ်ကို၊ မောင်ကျော်စိုးဟိန်း-မကောင်းစုကျော်တို့၏ဘကြီး၊ ရန်ကုန်မြို့၊ တိုက် ၂၁၊ အခန်း ၃၀၅၊ အေးရိပ်မွန်အိမ်ရာ၊ လှိုင်မြို့နယ်နေ ဦးဝင်းနိုင်ဆွေ-ဒေါ်ချောစုလွင်တို့၏မောင်၊ မငြိမ်းစုနိုင်၊ မောင်နောင်ထွန်းနိုင်တို့၏ဦးလေးသည် ၃၁-၈-၂၀၀၄ရက် ညနေ ၃း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
အင်ဟင်းချုံး(ခ)ဦးဟင်းချုံး (သုံးခွမြို့)
အသက်(၉၀)

ရန်ကုန်တိုင်း၊ သုံးခွမြို့၊ (၆)ရပ်ကွက်၊ ဇောတိကလမ်း၊ အိမ်အမှတ် ၁၇ နေ ဒေါ်ဟက်ကွမ်၏ခင်ပွန်း၊ဒေါ်ပု-ဦးတိုက်ရန်၊ဒေါ်နု-(ဦးခင်မောင်ရီ)၊ဒေါ်စု-ဦးရဲမြင့်၊ ဒေါ်အေးအေးမြင့်၊ ဒေါ်မြင့်မြင့်သန်း-ဦးရှိန်မြင့်၊ ဦးသန်းစိုး-ဒေါ်စန်းစန်းဝင်း၊ ဦးဟံတင်-ဒေါ်မေရင်၊ ဒေါ်သန်းသန်းထွေး-ဦးမြင့်ဝင်း၊ မချိုချိုဝင်း၊ ကိုဝင်းမြင့်သိန်းတို့၏ဖခင်၊ မြေး ၂၄ ယောက်၊မြစ်ခြောက်ယောက်တို့၏အဘိုးသည် ၃၁-၈-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၆း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် နေအိမ်မှ ကရင်စုသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဆရာမကြီး နော်ဂရေ့(စ်)စီခိုင်
Naw Grace C. Kaing
(B.A. Ed., D.I)
အငြိမ်းစားကျောင်းအုပ်ဆရာမကြီး
အသက်(၈၀)

သာယာဝတီမြို့၊ ကရင်ကျောင်းလမ်းနေ(အငြိမ်းစားခရိုင်စက်ရှင်တရားသူကြီး ပဒိုစောကေရီခိုင်-နော်စံသီး)တို့၏သမီးထွေး၊ (ဗိုလ်မှူးဒေါက်တာစော Josaiah Kaing- Naw Joyce)၊ (နော်ဒေါ်လီခိုင်)(USIS Library, UNIC)၊ (Dr. Naw Joyce Kaing) (စိတ်ရောဂါအထူးကုဆေးရုံကြီး၊ငြိမ်း)၊ (ဗိုလ်မှူးစော Lioyd Kaing)တို့၏ညီမ၊ စောလွှိုက်ခိုင်-နော်ပေါ်လီအဲန်းတို့၏အဒေါ်သည် ၁-၉-၂၀၀၄ရက် နံနက် ၁း၃၀နာရီတွင် အလုံမြို့နယ်၊ ကရင်ခြံရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် ၁၂၁(ဃ)၊ သာသနာ့ဝင်း(ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးနေအိမ်)တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ဈာပနဝတ်ပြုခြင်းအစီအစဉ်ကို ၂-၉-၂၀၀၄ရက် နံနက် ၉ နာရီတွင် ရန်ကုန်ကရင်နှစ်ခြင်း အသင်းတော် (သုဓွေးကုန်း) အမှတ် ၅၁၄၊ အောက်ကြည့်မြင်တိုင်လမ်းမ၊ အနောက်ပိုင်းဆေးရုံရှေ့ ဘုရားရှိခိုးကျောင်းတွင်ပြုလုပ်ပြီး ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်လှကြည် (ဝါ)
(ဘုရားပျို)
အသက်(၇၃)နှစ်

ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ ဘုရားပျိုကျေးရွာ၊ ပန်းပဲစုရပ်ကွက်(ဦးထွန်းလှ-ဒေါ်ပြုံးရင်)တို့၏သမီး၊ တာမွေမြို့နယ် (ဦးငွေ-ဒေါ်ဝက်)တို့၏ သမီးချွေးမ၊ ရွှေပြည်သာမြို့နယ်နေ (ဦးနီ)-ဒေါ်သောင်းလှတို့၏ညီမ၊ သာကေတမြို့နယ်၊ (၂/မြောက်)ရပ်ကွက်၊အနော်မာ ၁၇လမ်း (အရှေ့)၊ အမှတ် ၈၅ နေ ဦးဝင်းကြည်၏ဇနီး၊ (ဦးထွန်းလှိုင်)-ဒေါ်သိန်းနု၊ ဦးဆန်းဦး၊ ဦးလှဦး-ဒေါ်လှလှဌေး၊ ဦးသန်းစိုး-ဒေါ်စန်းစန်းမော်၊ ဦးဝင်းဦး-ဒေါ်မြနွဲ့၊ ဦးတင်မောင်-ဒေါ်ဝင်းဝင်းမော်၊ ဦးစောဝင်း-ဒေါ်တင်တင်မော်၊ ဦးမျိုးခိုင်-ဒေါ်ခင်ခင်မော်၊ ဦးအောင်ကျော်ဦး-ဒေါ်သင်းသင်းနွယ်တို့၏မိခင်၊ မြေး ၂၂ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁-၉-၂၀၀၄ရက် နံနက် ၃း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၀၄ရက်(သောကြာနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်
(သစ်ကုန်သည်၊မော်ဘီသစ်စက်)
အသက်(၄၅)နှစ်

ရွှေပြည်သာမြို့၊ အမှတ် ၁၂၃(ခ)၊ ရွှေလီလမ်းနေ(ဦးကံထွန်း)-ဒေါ်ကျော့စိန်တို့၏သားကြီး၊ အမှတ် ၃၃၈၊ ရွှေလှေကြီးလမ်း၊ တိုးချဲ့(၂)ရပ်ကွက်၊ မော်ဘီမြို့နေ ဒေါ်သီတာဝင်း၏ခင်ပွန်း၊ ကျော်ကျော်ထိုက်-မပန်းအိဖြူ၊ မောင်သီဟမော်(ပထမနှစ်၊ဘူမိဗေဒ၊အနောက်ပိုင်းတက္ကသိုလ်)၊ မကြည်ပြာမောင်မောင် (နဝမတန်း၊ မိတ္ထီလာ)၊ မငြိမ်းစန္ဒီမောင် (စတုတ္ထတန်း၊အထက-၁၊မော်ဘီ)တို့၏ ဖခင်သည် ၁-၉-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) နံနက်၃း၅၅နာရီတွင် မော်ဘီမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၁ နာရီတွင် မော်ဘီမြို့သုသာန်၌ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

မိုးကုတ်အသင်း
ဦးဝိသုဒ္ဓ(ခ)ဦးကံတင့်
အသက်(၉၆)နှစ်

(ဦးသာဖြိုး-ဒေါ်နှင်းရီ)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် ၈၃၃၊ သုမိတ္တာ ၂၁ လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်မြိုင်၏ခင်ပွန်းသည် ၂၉-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂-၉-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် အသင်းသူ အသင်းသားများ ပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးလှရွှေ (ဝါးတရာ)
အသက်(၈၀)

အင်းစိန်မြို့၊ ကြေးတိုင်စု ၁ လမ်း၊ အမှတ် ၃၉ နေ ဦးချန်ထွန်း-ဒေါ်ခင်တို့၏ညီ၊ ဦးရွှေ-ဒေါ်ရွှေညွန့်၊ဦးချစ်လှ-ဒေါ်ခင်ညွန့်၊ ဦးအောင်မြင့်-ဒေါ်သန်းရီ၊ (ဦးမြဝင်း)-ဒေါ်ခင်စန်း၊ ဦးမြစော-ဒေါ်ခင်သန်းတို့၏အစ်ကို၊ ဒေါ်ခင်ပို၏ခင်ပွန်း၊ ဦးအောင်သန်းညွန့်-ဒေါ်ခင်ခင်ဝင်း၊ ဦးတင်မောင်ရွှေ-ဒေါ်စောနစ်၊ ဦးတင်မောင်လွင် - ဒေါ်စီစီသိန်းတို့၏ ဖခင်၊မြေးခုနစ်ယောက်တို့၏အဘိုးသည် ၃၁-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ ဇရပ် ဒါယကာကြီး
ဦးမြင့်အေး
B.Sc (Maths)
သိန်းတစ်ရာအထည်တိုက် ချင်းတွင်းအသင်းအမှုဆောင်၊ ချင်းတွင်းမြေ သ/မလီမိတက် ဒါရိုက်တာအဖွဲ့အတွင်းရေးမှူး
အသက်(၅၉)နှစ်

မုံရွာမြို့၊ဘုရားကြီးလမ်း၊သိန်းတရာ အထည်တိုက်(ဦးလှဖေ-ဒေါ်အေးကြည်)တို့၏သား၊ခမ္မကထိကဆရာကြီး(ဦးလှသိန်း-ဒေါ်ဒေါ်ပု)တို့၏ သားသမက်၊ ဒေါ်ခင်ရွှေ၏တူ/သား၊ မုံရွာမြို့နေ ဦးမြင့်ဦး-(ဒေါ်စန်းစန်းဝေစိုး)တို့၏ညီ/မောင်၊ ဦးမောင်မောင်မြင့် - ဒေါ်မြင့်မြင့်ဌေး၊ ဒေါ်မြင့်မြင့်အေး၊ ဒေါ်မြင့်မြင့်ကြည်၊ ဒေါ်ပြုံးပြုံးလှတို့၏အစ်ကို၊ တူ ငါးယောက်တို့၏ဦးလေးသည် ၁-၉-၂၀၀၄ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁း၃၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃-၉-၂၀၀၄ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူညီအစ်ကိုမောင်နှမတစ်စု။

တပ်ကြပ်ကြီးစိုးတင့် (သထုံ)
အသက်(၄၆)နှစ်

သထုံမြို့၊လိပ်အင်းရပ်ကွက်၊ရွာဦးတာလမ်း၊ အမှတ် ၁၀၅၈ နေ(ဦးမောင်လှ)-ဒေါ်လှခင်တို့၏သားကြီး၊ ဦးမောင်မောင်တင်-ဒေါ်မြ၊ ဦးဘိုဝင်း-ဒေါ်လှလှဝင်းတို့၏အစ်ကို၊ ဒေါ်မငို၏ခင်ပွန်း၊ မစိုးသဇင်ဝေ၏ဖခင်သည် ၂၇-၈-၂၀၀၄ ရက် (သောကြာနေ့)ည ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၀၄ ရက်တွင် သထုံမြို့ ကျောက်တန်းသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

မောင်ဟိန်းမြတ်မင်း
Dip in ECC,
Ngee Ann Polytechnic Singapore
အသက်(၂၄)နှစ်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ သီရိမြိုင်ရပ်၊ ၁၄ လမ်း၊ အမှတ် ၂၁ နေ (ဦးစိန်အောင်-ဒေါ်မေမေသိန်း)-ဒေါ်ရှုကြည် (ကျောင်းအုပ်၊ အထက-၇၊ မော်လမြိုင်မြို့)တို့၏သား၊ မခိုင်မာလာအောင်၊ မောင်လင်းသိန်းထက်တို့၏ ညီ/မောင်၊ မဖြိုးသူဇာ၏အစ်ကိုသည် ၃၁-၈-၂၀၀၄ရက် (အင်္ဂါနေ့)တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488

၂၀၀၃ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု ပြည်သူတစ်ရပ်လုံး တက်ကြွစွာပူးပေါင်း၍အောင်မြင်ခဲ့ ယခုနှစ် ရက်သတ္တပတ်လှုပ်ရှားမှု၌ မိခင်လောင်းများနှင့် ငါးနှစ်အောက်ကလေး အာဟာရပြည့်ဝရေးဆောင်ရွက်သွားမည် ၂၀၀၅ခုနှစ်တွင် မြန်မာနိုင်ငံ၌အိုင်အိုဒင်းချို့တဲ့မှုပြဿနာ လုံးဝပပျောက်ရေး လက်တစ်ကမ်းအကွာရောက်ရှိနေပြီ

ရန်ကုန် စက်တင်ဘာ ၁

ကျန်းမာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့နှင့်ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ၌ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားကျန်းမာရေး ***စာမျက်နှာ ၈ ကော်လံ ၁*** ■

ဗီတာမင်'အေ'ဆေးလုံးတိုက်ကျွေး

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖွင့်ပွဲအခမ်းအနားတွင် အသက်ငါးနှစ်အောက် ကလေးငယ်များအား ဗီတာမင်'အေ' ဆေးလုံးတိုက်ကျွေးစဉ်။ (သတင်းစဉ်)

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လက်တွေ့လုပ်ကိုင်ပေးခြင်းဖြင့် ဒေသခံပြည်သူတို့ကို ထိရောက်စွာအကျိုးပြုနိုင် အသင်းကြီး၏လုပ်ငန်းစဉ်များအပေါ် နားလည်ထောက်ခံအားပေးမှုများလည်း ပိုမိုရရှိလာစေမည်

ရန်ကုန် စက်တင်ဘာ ၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော မြန်မာ့ဖွံ့ဖြိုးရေးလေ့လာမှုနည်းပြသင်တန်း အမှတ်စဉ်(၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဌာနချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် ကြီးကြပ်သူ သင်တန်းဆရာ ဆရာမများနှင့် ပြည်နယ်နှင့် တိုင်းများမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။ ***စာမျက်နှာ ၆ ကော်လံ ၁*** ❐



ရင်းရင်းနှီးနှီး နှုတ်ဆက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မြန်မာ့ဖွံ့ဖြိုးရေးလေ့လာမှု နည်းပြသင်တန်း အမှတ်စဉ်(၄) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တရုတ်-အာဆီယံလူထုဆက်သွယ်ရေးနှီးနှောပွဲတက်ရောက်သူများနှင့် တရုတ်ကွန်မြူနစ်ပါတီနိုင်ငံရေးဗျူရို၏ အမြဲတမ်းကော်မတီဝင်တွေ့ဆုံ

ပေကျင်း စက်တင်ဘာ ၁

တရုတ်နှင့်အာဆီယံအဖွဲ့ဝင် နိုင်ငံများကြား လူထုဆက်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုသည် ဒေသအတွင်း အပြန်အလှန် နားလည်သဘောပေါက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို တိုးမြင့်စေမည်ဖြစ်ကြောင်း တရုတ်ကွန်မြူနစ်ပါတီ(စီပီစီ)၏ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် လီချင်ချန်က ပေကျင်းမြို့၌ အင်္ဂါနေ့က ပြောကြားလိုက်သည်။

ဒုတိယအကြိမ် တရုတ်-အာဆီယံ လူထုဆက်သွယ်ရေးပူးပေါင်းဆောင်ရွက်မှု နှီးနှောပွဲသို့ တက်ရောက်ကြသူအချို့နှင့် တွေ့ဆုံရာတွင် တရုတ်နှင့် အာဆီယံ နိုင်ငံများသည် အိမ်နီးချင်းကောင်းများဖြစ်ကြပြီး ယဉ်ကျေးမှုချင်းတူညီကြကြောင်း မစ္စတာလီက ပြောကြားသည်။

ဒုတိယအကြိမ် တရုတ်-အာဆီယံ လူထုဆက်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု နှီးနှောပွဲကို ကွမ်စီကျောင် ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ၏ မြို့တော်နန်နင်း၌ ဩဂုတ် ၂၆ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည်။

အာဆီယံနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှု ဖြစ်ထွန်းရေးသည် အလွန်အရေးကြီးကြောင်းလည်း မစ္စတာလီက တွေ့ဆုံပွဲ၌ ပြောကြားသည်။

တရုတ်နိုင်ငံသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး အခြေခံမူကြီး ငါးချက်အပေါ် အခြေခံလျက် အာဆီယံနိုင်ငံများ

စာမျက်နှာ ၁၁ ကော်လံ ၁ ●